
www.burmeseclassic.com

ပရဆန်းကြယ်ချောက်ချားဖွယ်ဝတ္ထု

သစ်ငုတ်စိုးတဲ့

# ဖိုးသုည

သေမင်းဒိုင်ယာရီထဲက
ဝိညာဉ်မလေးနာမည်



BURMESE CLASSIC .com

ပန်းချီ သိန်း ရွှေကြည်
2011

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# သစ်ငုတ်စိုးတဲ့
# ဖိုးသုည

သေမင်းဒိုင်ယာရီထဲက .....
ဝိဉာဉ်မလေးနာမည်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၀၄၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၇၀၅၁၁
၂၀၁၁ခုနှစ်၊ ဇွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာဝါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်-၄၉၊ မုန်ရေဝေလမ်း၊ သရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ဖိုးသုည
ရွှေသပင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်/ သစ်ငုတ်စိုးတဲ့ဖိုးသုည။
- ရန်ကုန်၊
ဂန္ဓာဝါမြိုင်စာပေ၊ ၂၀၁၁။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) ရွှေသမင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်

# ပါဝင်သောအခန်းများ

အခန်း ၁။ ညီမလေးတစ်ယောက်
အခန်း ၂။ အတူရှိတဲ့နေ့တွေ
အခန်း ၃။ တယောဆရာရဲ့အိမ်
အခန်း ၄။ သချိုင်းဟောင်းကြီး
အခန်း ၅။ ဝမ်းဆွဲသည်လုပ်တဲ့ယောက်ျားကြီး
အခန်း ၆။ သုဘရာဇာ ဆေးဆရာ
အခန်း ၇။ နှစ်ဆောင်ပြိုင်အိမ်မကြီး
အခန်း ၈။ စာပေးလိုက်ပါ
အခန်း ၉။ သွေးလိုနေသူ
အခန်း ၁၀။ မျှော်နေသူရဲ့အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အခန်း ၁၁။ တစ္ဆေနေတဲ့ခြံ
အခန်း ၁၂။ နောက်ဆုံးနေ့
အခန်း ၁၃။ ချစ်သူ့ သဘာရာဇာ
အခန်း ၁၄။ ပြန်ဆုံတဲ့ ညသန်းခေါင်
အခန်း ၁၅။ တစ္ဆေနှင်တဲ့နေ့
နိဂုံး

BURMESE CLASSIC .com

## ဖိုးသုည၏ အမှာစာ

ကျွန်တော်စာရေးတဲ့ ဖိုးသုညဟာ ချောက်ချောက်ချားချား စိတ္တဇ သရဲတစ္ဆေဝတ္ထုများကိုရေးသားခဲ့ပါတယ် ...

ကျွန်တော်ရေးသားခဲ့တဲ့ ဝတ္ထုများဟာ ကိုယ်ပိုင်စိတ်ကူးနဲ့ လက်တွေ့ ကျင်လည်နေသော ဘဝထဲက အတွေ့အကြုံတချို့ကို အခြေခံရေးဖွဲ့ထားခြင်း ဖြစ်ပါတယ် ...

ဇာတ်လမ်းဇာတ်ကွက်တချို့ကို ကာယကံရှင်တို့ထံမှ ခွင့်ပြုချက် တောင်းခံပြီးရေးခဲ့တာပါ ...

အခုရေးတဲ့ "သေမင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်" ဝတ္ထုစာမူ ကိုထုတ်ဝေသူကဖတ်ကြည့်ပြီး "မင်းဝတ္ထုကအချစ်ဝတ္ထုဆန်နေတယ်" တဲ့–

ပရိသတ်ကြီးလည်းဖတ်ကြည့်ပါ အချစ်ဝတ္ထုဆန်တာက ဒီဇာတ်လမ်း လေးဟာ တကယ်ဖြစ်ခဲ့တဲ့ဇာတ်လမ်းလေးမို့ ဇာတ်အိမ်မပျက်အောင်ရေးခဲ့တာ ပါ။ စာဖတ်ပရိသတ်ရဲ့ ကရုဏာရသနဲ့ စိတ်လှုပ်ရှားစရာကောင်းလောက်တဲ့ ဇာတ်လမ်းမျိုးကို ကျွန်တော်ဖိုးသုညရေးလိုက်ပါတယ် ...

ကမ္ဘာကျော် အချစ်ဇာတ်လမ်းတွေအမျိုးမျိုးရှိခဲ့ပါတယ်။ အဲဒီထဲက ဇာတ်ကောင်တွေကလည်း ကျော်ကြားခဲ့သူတွေပါ ... မကျော်ကြားခဲ့သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်နင့်ဖွယ် ဇာတ်လမ်းလေးတွေဟာ လူသူမသိဘဲ ပြီးဆုံးခဲ့ရပါတယ် ...

ကျွန်တော်ကတော့ ကျွန်တော်လက်တွေ့တွေ့ရှိတဲ့ဇာတ်လမ်းလေးကို ပရိသတ်ရင်ထဲထည့်ပေးလိုက်ပါတယ် ...

ပရိသတ်ကြီးအနေနဲ့ မိုးသူညရေးတဲ့ဇာတ်လမ်းတွေနဲ့ ဖွားလောက်ကြီး ဇာတ်လမ်းတွေကို ကျေကျေနပ်နပ် ရသအပြည့်ဖတ်နိုင်အောင် ကျွန်တော် အမြဲကြိုးစားသွားမှာပါ ...

ကလောင်ခွဲနှစ်ခုနဲ့ လူတစ်ယောက်ပေမယ့် မတူညီတဲ့ ဇာတ်လမ်းတွေက ကျွန်တော့်ရင်ထဲမှာပြည့်နေတယ် ... ပရိသတ်ကြီးကို လစဉ်ပုံမှန်ဖွင့်ချသွားပါ့မယ်လို့ ...

ကော်ပီမရေးတဲ့ ...

မိုးသူညလိုပြောပြီး ဖွားလောက်ကြီး ပဲရေးတဲ့ ...





BURMESE CLASSIC .com

အခန်း (၁)

## ညှိုမလေးတစ်ယောက်

"ဟဲ့ ... မိသဉ္ဇာလာစမ်း"

အခန်းဝမှ လှမ်းအော်လိုက်သည့် ကိုကို့အသံကြောင့် မိသဉ္ဇာခန္ဓာကိုယ်လေး ဆတ်ခနဲတုန်လို့သွားသည်။ ဖက်လက်စမဂ္ဂဇင်းစာအုပ်ကို ဘေးသို့ချ၍ အခန်းဝတွင်ရပ်နေသော ကိုကို့ဆီသို့လျှောက်လာသည်။

"ဘာနိုင်းမလို့လဲ ကိုကို"

"နိုင်းမလို့မဟုတ်ဘူး မိသဉ္ဇာ ... ပြောစရာရှိလို့ အိမ်ရှေ့လိုက်ခဲ့"

ကိုကို့ရဲ့ မျက်နှာကခက်ထန်လို့နေသည်။ ကိုကိုက အဲဒီလိုပါပဲ အပြင်မှာဒေါသထွက်စရာရှိရင်လည်း အိမ်သို့ယူဆောင်လာတတ်သည်။

အဲဒါ ဒေါသတွေအားလုံး မိသဉ္ဇာဆိုတဲ့ သူ့အပေါ်ပုံကျလို့လာသည်။ ညှော်ခန်းရောက်တော့ ကိုကိုက သူ့ရှေ့မှထိုင်ခုံကိုလက်ညှိုးထိုး၍ ...

"ထိုင် ... နင့်ကိုမေးစရာရှိလို့"

"ဘာမေးမှာလဲ ကိုကို"

ကိုကိုက မိသဉ္ဇာမျက်နှာကိုစူးရှစွာကြည့်လိုက်သည်။

"နင်နဲ့ သတိုးအခြေအနေ ဘယ်လိုလဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မိသဥ္စာမျက်လုံးလေးဝိုင်းလို့သွားသည်။ ခန္ဓာကိုယ်လေးကလည်း ဆတ်ခနဲတုန်လို့သွား၏။

"ဟဲ့ ... ငါမေးနေတယ်လေ"

"ဟိုလေ ... ဟို ... ဘာမှမဖြစ်ပါဘူး။ သူငယ်ချင်းတွေလိုပဲခင်ကြတာ"

"တော်"

ကိုကိုက ထိုင်ရာမှမတ်တတ်ထရပ်လိုက်သည်။ ဒေါသကြောင့် နီးမြန်းနေသည့်မျက်နှာကခက်ထန်လို့နေ၏။

"ဒီကောင်ဘယ်လိုကောင်လဲ နင်သိတယ်မလား။ ဘာအရည်အချင်းမှမရှိတဲ့ကောင်ကို နင်ကဘာတွေသဘောကျနေတာလဲ"

" ... "

မိသဥ္စာပြန်မဖြေပါ ... ခေါင်းကိုသာအောက်သို့ငုံ့ထားလိုက်သည်။ ကိုကိုက သူ့ကိုအလွန်ချစ်တာ သူသိသည်လေ။

မိဘများကွယ်လွန်သွားပြီးတည်းက ကိုကိုက မိသားစုစီးပွားရေးလုပ်ငန်းကိုဦးဆောင်ကာ မိသဥ္စာကိုရှာဖွေကျွေးမွေးခဲ့သည်။ ကိုကိုနှင့်မိသဥ္စာက အသက်ဆယ်နှစ်ကျော်ကွာသလို အမြဲအားငယ်တတ်သည့်မိသဥ္စာကို ကိုကိုက ဘယ်အရာကိုမှစိတ်မချ။

"ဟဲ့ ... ဘာတွေငေးနေတာလဲ ငါမေးနေတာဖြေလေ"

"သတိုးနဲ့ညီမလေးက ရိုးရိုးခင်တာပါ၊ ဒီထက်ဘာမှမပိုပါဘူးကိုကို"

"အေး ... ပိုစရာလည်းအကြောင်းမရှိဘူး။ နင်သိထားရမှာက ဘာမှခြေခြေမြစ်မြစ်မရှိ ဟိုယောင်ယောင် ဒီယောင်ယောင်ကောင် တယောသမားတစ်ယောက်ကို နင်မက်မောစရာမလိုဘူး"

"သူ့မှာလည်း ရည်ရွယ်ချက်တစ်ခုခုရှိမှာပေါ့ ကိုကို"

သတိုးကို နှိမ်ချပြောတာကိုတော့ မိသဥ္စာလက်မခံ ...

"အမယ် ... နင်က သတိုးကို ငါပြောတာမကြိုက်ဖြစ်နေတယ်၊





ငါလုပ်လိုက်ရသေးတော့မယ်"

ကိုကိုကလက်နှင့်ရွယ်လိုက်သည်။ မိသဥ္စာကို တကယ်မလုပ်၊ ကိုကို့ရဲ့ အကြောင်းကို မိသဥ္စာသိတာပေါ့ ...

"နင်ရဲ့ခေါင်းထဲမှာမြဲမြဲမှတ်ထားစမ်း၊ သတိုးဆိုတဲ့ကောင်နဲ့ ဘယ်တော့မှမပတ်သက်ရဘူးဆိုတဲ့ အသိပဲ ...

ဘာလဲ ... အဓိပ္ပါယ်မရှိတဲ့ ဝိဉာဉ်နိုင်ဂီတသမားတဲ့ အလကားလူလိမ်တွေ"

ကိုကိုက သတိုးကိုနှိမ်နှိမ်ချချကိုပြောတာ မိသဥ္စာမျက်နှာကိုတစ်ဘက်သို့လွှဲနေလိုက်သည်။

"နင် ... မဟုတ်တဲ့ကောင်ကိုအရောဝင်၊ ကြာရင် နင်လည်းသူ့လိုကြောင်တောင်တောင်ဖြစ်သွားလိမ့်မယ်"

"ညီမလေးက သူ့အနုပညာကိုစိတ်ဝင်စားတယ်"

"တော် ... ဆက်မပြောနဲ့ အနုပညာဆိုတာအများစိတ်ကိုဖျော်ဖြေတာ ခံစားမှုတွေကိုထပ်ပိုးတာ ဒီပြင်ဘာမှမပိုဘူး"

ကိုကိုက သူ့အမြင်ကိုပြတ်သားစွာပြောသည်။ မိသဥ္စာရဲ့စိတ်က အနည်းငယ်ကြွလာပြီး ...

"ကိုကိုထင်တာ တစ်စွန်းတစ်စပဲရှိတာပါ၊ အနုပညာဆိုတာ ဖျော်ဖြေရေးသက်သက်မဟုတ်ဘူး ကိုကို၊ ခံစားတဲ့လူရဲ့စိတ်အာရုံကိုပြောင်းပေးတာ၊ အနုပညာရဲ့အာရုံကိုခံစားပြီး လူရဲ့စိတ်တွေအသွင်သဏ္ဌာန်အမျိုးမျိုးဆောင်သွားတယ်လေ၊ ပြေလျော့သွားစေတာလည်းရှိသလို စိတ်ဓာတ်တတ်ကြွတာလည်းရှိတယ်"

"တော်ပြီး နင်ရဲ့ဂီတအဘိဓမ္မာကို ငါမနာချင်ဘူး။ နင့်ကိုထပ်ပြောမယ် သေချာနားထောင် သတိုးဆိုတဲ့ကောင်နဲ့လုံးဝမပတ်သက်ပါနဲ့"

ပြောရင်းအိမ်အပြင်သို့ထွက်သွားသည်။ မိသဥ္စာလည်းမကျေမနပ်ဖြစ်သွားသော်လည်း ကိုကို့ကို ဘာမှပြန်မပြောရဲသလို ဆန့်လည်းမဆန့်ချင်ရဲ—



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကစိတ်မထင်ရင်မထင်သလို လုပ်တတ်တာမှလွဲလျှင် သူဖြစ်ချင်တာလိုချင်တာကိုရအောင်ဝယ်ပေးတတ်သည်လေ။

"တို့မှာ မောင်နှမနှစ်ယောက်ပဲ ပြည်းရှိတာ မှားလို့မရဘူးညီမလေး၊ အရာရာကို ညီမလေးအနေနဲ့ ဦးနှောက်နဲ့ဆုံးဖြတ်ပါ"

ကိုကို့ရဲ့စကားသံကို နားထဲပြန်ကြားနေသည်။ ကိုကိုထင်သလို သတိုးဟာ လူညံ့တစ်ယောက်မဟုတ်တာတော့သေချာသည်လေ –

တယောသမားတစ်ယောက် –

နူးညံ့သည် သိမ်မွေ့သည် အရာရာကိုနားလည်ပေးတတ်သည်။ ပြီးတော့ ...

သူ့ကို ...

မိသဇ္ဇာဆက်မတွေးရဲတော့ အသာပြုံး၍သာနေနေတော့သည်။

ဝ ⁂ ဝ



သံယောဇဉ်တစ်ပွေ့တစ်ပိုက်ကြီးနဲ့
ရင်းနှီးတဲ့ သူတို့ဘဝတွေက ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## အတူရှိတဲ့နေ့တွေ

"ဟဲ့ ... သတိုး ... နင်ကတအားနောက်ကျတာပဲ၊ ငါ့မှာ နင့်အလာကိုစောင့်ရင်း စားထားတာကြည့်ဦး"

လက်ဖက်ရည်စားပွဲပေါ်မှပန်းကန်များကိုကြည့်၍ သတိုးမျက်လုံးပြူးလို့သွားသည်။ သဉ္ဇာစားထားတာတွေကနည်းတာမဟုတ်။

"ဒီလောက်အများကြီးစားရလား၊ မိသဉ္ဇာကြာရင်နက်ဖက်တီးဖြစ်လိမ့်မယ်"

"ဘာများလဲလို့ဟာ အသုပ်ကနှစ်ပွဲ၊ ပဲလာတာကနှစ်ချပ် နံပြားထောပတ်သုတ်ကတစ်ပွဲ လက်ဖက်ရည်တစ်ခွက် မများပါဘူး၊ အခုနင်ရောက်လာလို့ နင်မလာသေးရင် အီကြာကွေးထပ်စားမှာ"

မိသဉ္ဇာက စားပွဲပေါ်မှပန်းကန်လွတ်ကိုကြည့်ပြောလိုက်သည်။ သတိုးက ခုံလွတ်တစ်လုံးမှာဝင်ထိုင်လိုက်ပြီး ...

"နင်စာတွေရပြီလား"

"အေးဆေးပါ ... စာက ခုကျက်ခုရတယ်"

သတိုးက ဘာမှဆက်မမေးတော့ဘဲ ငြိမ်နေသည်။ မိသဉ္ဇာတို့လိုသူက





ကြွယ်ဝတာမဟုတ်သလို အရာရာမှာချို့ငဲ့လှသည်။

မိသဉ္ဇာနှင့်တူတာက သူ့မှာအမိအဖမရှိတော့ခြင်းပင်ဖြစ်သည်။ အဘိုးဖြစ်သူတယောဆရာကြီးက အလှူမင်္ဂလာပွဲတွေမှာ အနုပညာကြေးယူကာကယောထိုးခြင်းဖြင့် အသက်မွေးရသည်။

သူတို့ခြံကလည်း ငါးကေကျော်ကျယ်သဖြင့် အသီးအနှံတို့ကိုစိုက်ပျိုးထားရာမှ ရတဲ့ဝင်ငွေဟာ သတိုးကျောင်းတက်ဖို့တော့လုံလောက်သည်။

"ငါတို့ ဒီနှစ်အောင်ရင် တက္ကသိုလ်တက်လို့ရပြီနော်"

"ငါက ရန်ကုန်မှာသွားတက်မှာလေ၊ နင်ရောလိုက်တက်မှာလား"

သတိုးချက်ချင်းမဖြေနိုင် သူ့အခြေအနေကိုသိသည်မဟုတ်လား ...

"မပြောနိုင်ပါဘူးဟာ ... အဘိုးဘယ်လိုလုပ်မယ်မှန်းမသိဘူး"

"ဘယ်လိုမှလုပ်မနေနဲ့လိုက်တက်၊ နင့်အတွက် အစစအရာရာ ငါတာဝန်ယူတယ်"

သတိုးက သဉ္ဇာစကားကိုပြုံးလိုက်၏။ သဉ္ဇာကစေတနာအလွန်ကောင်းသည်။ သတိုးကိုကျောင်းမှာအမြဲကူညီနေကျဖြစ်ပေမယ့် ရန်ကုန်မှာကျောင်းသွားတက်ရန်လုံလောက်သည့်အထောက်အပံ့မျိုးကိုတော့ သတိုးမယူချင် ...

ပြီးတော့ ...

အသက်အရွယ်ကြီးရင့်လှပြီဖြစ်သောအဘိုးကို တစ်ယောက်တည်းထားခဲ့ရမှာလည်း စိတ်မချပါ။

"ကိုကိုကတော့ ငါ့ကိုပြောဘယ်၊ ရန်ကုန်မှာသူ့မိတ်ဆွေ ကျောင်းဆရာမကြီးရှိတယ်တဲ့ ... အဲဒီအိမ်မှာနေပြီး ကျောင်းတက်လို့ပြောတာပဲ"

"ကောင်းပါတယ်ဟာ ... ငါကတော့တက်နိုင်မယ်မထင်ပါဘူး"

"[illegible] ... တက်နိုင်တာမတက်နိုင်တာအရေးမကြီးပါဘူး၊ ဆယ်တန်းအောင်ပြီးတော့ ဘွဲ့ရရင်ပညာတတ်ဖြစ်မှာပေါ့"

"ငါလည်း ပညာတတ်တစ်ယောက်ဖြစ်ချင်တာပေါ့ မိသဉ္ဇာရေ ဒါပေမယ့် အခြေအနေအရ ... "



www.burmeseclassic.com

www.burmeseclassic.com



သတိုးရဲ့လေသံကပြတ်လို့သွားသည်။ မိသဇ္ဇာကတော့ အစားမပျက် စားပွဲပေါ်က လက်ကျန်စမူဆာတစ်ခုကို ကောက်ယူကာဝါးလိုက်သည်။

ထိုစဉ် ...

"မိသဇ္ဇာနဲ့သတိုးတို့ပါလား အတော်ပဲငါတို့လည်းစားမယ်"

ဆိုင်ထဲသို့ ဝေလင်းနှင့်ဝင်းပပတို့ဝင်လာကာ သူတို့ဝိုင်းတွင်ဝင်ထိုင် လိုက်ကြသည်။

"သတိုး မင်းဘာမှမစားဘူးလား"

"ငါ အိမ်မှာထမင်းကြမ်းစားပြီးပြီမဆာတော့ဘူး"

ဝင်းပပမေးတာကို သတိုးကဖြေလိုက်သည်။ ဝင်းပပက သတိုးဘေးက ထိုင်ခုံမှာကပ်ထိုင်တော့ မိသဇ္ဇာကမျက်စောင်းထိုးကာကြည့်သည်။

သတိုးကလည်း ဒါကိုသိသည်။ ဝင်းပပကိုခပ်ခွာခွာထိုင်ပေမယ့် ဝင်းပပက အတင်းကိုကပ်ထိုင်၏။

"သဇ္ဇာကျောင်းလွတ်ရင်၊ ငါ့ကိုစောင့်ဟာ နင့်ဆိုယ်ကယ်နောက်က လိုက်မလို့"

"မအားဘူး"

ဝင်းပပပြောတာကို မိသဇ္ဇာကအပြတ်ငြင်းလိုက်သည်။

"ဘာလို့လဲ သဇ္ဇာ"

"ငါကလူပိုတွေမတင်ဘူး"

ဝင်းပပ ဘာမှဆက်မပြောတော့။ သူက မိသဇ္ဇာအကြောင်းကို သိ သည်။ မလုပ်ဘူးဆိုလည်းမလုပ်ဘူး။ ဘယ်လိုပြောပြောမရ ...

အခုလိုကျောင်းမတက်ခင် လက်ဖက်ရည်ဆိုင်မှာ မုန့်ဘယ်လောက် စားစား မိသဇ္ဇာက ငြင်းသည်ဟူ၍မရှိ ...

သို့သော် ...

သတိုးနှင့်ပတ်သက်ရင်တော့ မိသဇ္ဇာကဘယ်သူ့ကိုမှအရေးမပေး နွမ်း ပါးသည့် သတိုးကိုအားမငယ်စေရန် အမြဲအားပေးတတ်သူလည်းဖြစ်၏။





"သတိုး မုန့်စားဆင်းချိန်ရောက်ရင် ငါ့ကိုအခန်းရှစ်က သင်္ချာပုစ္ဆာတွေ ပြပေးဦးဟာ ငါမရလို့"

"ဝင်းပပ နားမလည်ရင် ဆရာ ဆရာမတွေရှိတာပဲ သူတို့ကိုမေးပေါ့ ဟာ၊ သတိုးကဆရာမှမဟုတ်တာ"

ဝင်းပပမျက်နှာရှုံ့မဲ့လို့သွားသည်။ အရွယ်လေးတွေကလည်းရောက်စ အရာရာကိုရင်ခုန်တတ်လာတော့ စိတ်ကူးယဉ်အိပ်မက်တွေကို အပြိုင်မက်ကြ သည့်လေ ...

သတိုးက ကျောင်းသားတွေထဲမှာထူးခြားတဲ့ရုပ်ရည်ကိုပိုင်ဆိုင်ထားသူ လည်းဖြစ်သည်။

ငွေကြေးအရနွမ်းပါးချို့တဲ့လှသော်လည်း အပြောအဆိုလည်းခံ့စိတ်ရှည် မှုကြောင့် သူ့ကိုအပေါင်းအသင်းများကလွန်စွာခင်မင်ကြသည်။

"သတိုး နင် ငါ့ကိုစာတွေကူးပေးရဦးမယ်နော်"

မိသဇ္ဇာကလှမ်းပြောတာကို သတိုးခေါင်းညိတ်လိုက်သည်။

"ကူးပေးရမှာပေါ့"

"ငါ့ကိုကျတော့သင်္ချာမပြဘူးလား"

ဝင်းပပက မခံချင်စွာဝင်၍ပြောလိုက်သည်။

"နင့်ကိုလည်းပြပေးမယ်"

"တော်ကြပါတော့ဟာ ... နင်တို့လုပ်တာနဲ့ သတိုးလည်းကြောင်တောင် တောင်ဖြစ်နေပြီ"

ဝေလင်းက မိသဇ္ဇာနှင့်ဝင်းပပနှစ်ယောက်လုံးကိုဝင်ပြောမှ ငြိမ်သွားကြ သည်။ သူတို့နှစ်ယောက်လုံးက သတိုးနှင့်ပတ်သက်လာရင် ပြိုင်ဘက်တွေဖြစ်နေ ကြသည်။ ဝင်းပပက ဘယ်လိုပဲလိုက်ပြိုင်ပြိုင် သတိုးက မိသဇ္ဇာအပေါ်သာအမြဲ ပိုသည်။

"ဒေါင် ... ဒေါင်"

ထိုစဉ် ...



www.burmeseclassic.com

ကျောင်းတက်ခေါင်းလောင်းထိုးသံကြားရသဖြင့် မိသဥ္စာကပိုက်ဆံထုတ်ရှင်းကာ သူတို့အားလုံးဆိုင်ထဲမှထွက်လာကြတော့သည်။



ဒီသံစဉ်ကိုတီးလိုက်တာနဲ့
သရဲတစ္ဆေတွေနိုးထလာတော့တာပဲ ...

www.burmeseclassic.com

အခန်း (၃)

## တယောဆရာရဲ့အိမ်

"ဟော့ကောင် _ သတိုး မိသဥ္ဇာတော်တော်လှလာတယ်နော်"

ညနေပိုင်းလက်ဖက်ရည်ဆိုင်မှာထိုင်ဖြစ်တော့ အောင်နိုင်ကသတိုးကို စ,လိုက်သည်။ သတိုးဘေးမှာထိုင်သည့်ဝေလင်းက _

"ဝင်းပပလည်းလှပါတယ်ကွာ ... သူတို့နှစ်ယောက်လုံးက တစ်ယောက်တစ်မျိုးလှတာကွ"

ဝေလင်းက ဝင်းပပကိုစိတ်ဝင်စားသူပီပီ ပြောလိုက်၏။

"ဘယ်သူပဲလှလှကွာ ငါစိတ်မဝင်စားဘူး။ အခုချိန်မှာငါစိတ်ဝင်စားတာက ဆယ်တန်းအောင်ဖို့ပဲ ... တို့အရွယ်နဲ့လည်းဒါတွေမစဉ်းစားသင့်သေးပါဘူး"

သတိုးပြောတာကို ဝေလင်းကပြုံးလိုက်ပြီး _

"မင်းကသာစိတ်မဝင်စားတာ မိသဥ္ဇာက သတိုး သတိုးနဲ့ဖြစ်နေတာ"

"သူက ငါ့ကိုခင်တာပါကွာ"

"ခင်တာထက်ပိုတယ်သတိုး _ တစ်ခုတော့ရှိတယ်ကွာ သူ့အစ်ကိုကိုတော့ မင်းသတိထားရလိမ့်မယ်၊ ဒီလူကသူ့ညီမကိုဘာအားကိုချစ်တာ"





မိသဥ္ဇာရဲ့အစ်ကိုဆိုတော့ သတိုးခေါင်းထောင်လို့သွားသည်။ စီးပွားရေးလောကမှာအောင်မြင်နေသူ အပေါင်းအသင်းဆန့်သူတစ်ယောက်ဖြစ်သလို သူ့ရဲ့တစ်ဦးတည်းသောညီမ မိသဥ္ဇာကို အလွန်ချစ်သလို ဂရုလည်းတအားစိုက်၏။

"ဟိုတစ်ရက်ကတောင် ငါနဲ့ဈေးရှေ့မှာတွေ့သေးတယ်"

"ဟင် ... ဟုတ်လား ... မင်းကိုဘာပြောသေးလဲ သတိုး"

"ဘာမှတော့မပြောပါဘူး၊ ဒါပေမယ့် စကားလည်းမပြောနှုတ်လည်းမဆက်ဘဲ မျက်နှာတည်တည်နဲ့စိုက်ကြည့်တယ် ဝေလင်း၊ ငါကတော့ပြုံးပြတယ် သူကတော့မပြုံးပြဘူး"

"ကိုကျော်စွာက မလွယ်ဘူး သတိထား သတိုး"

အောင်နိုင်က ဝင်၍သတိပေးလိုက်သည်။

"အေးလေ ... ငါလိုလူတစ်ယောက်နဲ့သူ့ညီမကို ဘယ်ခင်စေချင်ပါ့မလဲ ... ငါနားလည်ပါတယ်"

"မိသဥ္ဇာကတော့ သူ့အစ်ကိုလိုမဟုတ်ဘူးနော်၊ သူ့စိတ်ထဲမှာမင်းကိုတအားခင်ရှာတာ"

"အင်း"

သတိုးက အားလျော့စွာ ခေါင်းကိုညိတ်လိုက်၏။ သူတို့ထိုင်နေသည့်လက်ဖက်ရည်ဝိုင်းလေးလည်း စကားသံတို့ခဏတာတိတ်လို့သွားသည်။

"ဘာလိုလိုနဲ့ တို့တွေတောင် စာမေးပွဲဖြေဖို့နီးလာပြီနော်"

"သုံးလလောက်ပဲလိုတော့တယ်"

"ဆယ်တန်းအောင်ပြီးရင် ... တို့အဖွဲ့တွေလည်း ကွဲသွားကြမှာပဲ တို့ကျောင်းလေးက လွမ်းစရာတစ်ခုလိုကျန်ခဲ့မှာ"

ဝေလင်းက ခံစားချက်အပြည့်နှင့်ပြောတော့ သတိုးက _

"ငါက မင်းတို့လို တက္ကသိုလ်မတက်နိုင်ပါဘူးကွာ ... ငါ့အဘိုးလိုပဲ တယောလိုက်ထိုးရမှာပေါ့"

"အားမလျော့စမ်းပါနဲ့သတိုးရယ် _ ကံတရားဆိုတာရှိသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်က သတိုးကိုအားပေးလိုက်သည်။ သတိုးကခေါင်းကိုအသာရမ်းလျက် ...

"ကံတရားဆိုတာ ဘာလဲအောင်နိုင်၊ ငါ့ဘဝမှာ တစ်ခါမှကံကောင်းခဲ့တာမဟုတ်ဘူး၊ ငါငယ်ငယ်တည်းက အမေ၊ အဖေဆိုတာ ဘာမှန်းသိတာမဟုတ်ဘူး၊ ငါ အဘိုးလက်ပေါ်မှာကြီးခဲ့ရတာ၊ သူများတွေလို မိသားစုဘဝကို မျှော်လင့်ခွင့်မရခဲ့ဘူး ...

ညီအစ်ကိုမောင်နှမဆိုတာ ဝေးပေါ့ကွာ၊ တစ်ကောင်ကြွက်ဘဝနဲ့ နေခဲ့ရတာမလား၊ အဲ့ဒီလိုကံဆိုးမှုတွေကြားက ကံကောင်းတာက မိသဇ္ဇာနဲ့ငါ့ရဲ့ ထူးခြားတဲ့သံယောဇဉ်ပဲ၊ သူကလည်းငါ့ကိုတအားခင်တယ်လေ ငါကလည်း သူမရှိရင်မနေတတ်တော့သလိုပဲ"

သတိုးကပြောလိုက်ရာ ဝေလင်းက —

"အဲ့ဒါ အချစ်မဟုတ်ဘူးလား"

"မင်းကလည်း စကားအကောင်းပြောနေတာ လုပ်တော့မယ်"

အောင်နိုင်က သတိုးစကား အရှိန်ပျက်မည်စိုး၍ ပြောလိုက်၏။ သတိုးက သူ့ရှေ့စားပွဲပေါ်မှ ရေနွေးကြမ်းပန်းကန်ကို တစ်ငုံယူသောက်လိုက်ပြီး —

"မင်းတို့ပြောတဲ့ အချစ်ဆိုတာထက် မိဘမဲ့ဘဝတူချင်း ခံစားချက်တူလို့သံယောဇဉ်ကြီးကြတာလားမသိဘူး၊ မိသဇ္ဇာမကြိုက်တာ ငါဘာမှမလုပ်ချင်ဘူး"

"ဟုတ်ပါပြီကွာ — မင်းတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတာပါ"

"တွေးချင်သလိုသာတွေးလိုက်တော့ ဝေလင်းရေ၊ မိသဇ္ဇာသာ အသက်မရှင်ရင် ငါလည်းရှင်မှာမဟုတ်ဘူးဆိုတာသေချာတယ်"

သတိုးက သူ့ရင်ထဲရှိတာကို နိုင်မာပြတ်သားစွာ ပြောချလိုက်လေသည်။

၀ ☆ ၀



ညအမှောင်ကလွန်စွာမဲမှောင်လို့နေသည်။ ကောင်းကင်တွင် လရောင်ကမရှိ မှုန်ဝါးဝါးကြယ်အလင်းရောင်တချို့က မြေပြင်ကိုလုံလောက်တဲ့ အလင်းရောင်မပေးနိုင် ...

လွန်စွာကျယ်ဝန်းလှသော ခြံကြီးထဲတွင် နှစ်ဆောင်ပြိုင် နှစ်ထပ်ကျွန်းအိမ်အမဲကြီးတစ်လုံးရှိ၏။

ထိုအိမ်မဲကြီးကို တွယ်တက်နေသည့် ချုံနွယ်တို့ကလည်း ပြွတ်သိပ်လို့နေသည်။ အထဲမှာတော့ ဖုန်အလိမ်းလိမ်းတက်နေသည့်ကြမ်းပြင် ပင့်ကူမျှင်တို့ ယှက်နွယ်နေသည့်မျက်နှာကျက် — မညီမညာလဲပြိုနေသည့် ပရိဘောဂပစ္စည်းတချို့တို့ဖြင့် ရှုပ်ပွလို့နေသည်။

တစ်အိမ်လုံး မဲမှောင်ချောက်ချားစရာကောင်းလှသော်လည်း အပေါ်ထပ်လသာဆောင်လေးမှာတော့ ဆံပင်ရှည်ဖြူဖြူ၊ နှုတ်ခမ်းမွေးဖြူရှည်ရှည်နှင့် အဘိုးအိုက တယောတစ်လက်ကို စိတ်ပါလက်ပါထိုးလို့နေသည်။

သူထိုးနေသည့် တယောသံကလည်း ဖျင်းရိငြီးငွေ့ဖွယ်ကောင်းလွန်းလှသည်။

အဘိုးအိုကတော့ သူ့တယောသံစဉ်တွေထဲမှာ သူ့ရဲ့စိတ်တွေစီးမျောလို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တယောသံစဉ်က အတက်အကျမှန်စွာထွက်လာသလို ခြံထဲမှသစ်ရိုပ်ဝါးရိပ်တို့ကလည်း သံစဉ်နှင့်အညီ လိုက်ပါလှုပ်လွန့်လို့နေသလို ယိမ်းနွဲ့နေသည်ဟု ထင်ရသည်။ အဘိုးအိုရဲ့တယောသံစဉ်က တဖြည်းဖြည်းအဆုံးသတ်ကိုရောက်လာပြီလို့ ထင်ရသည်။ အသံကနိမ့်လို့သွား၏။

"အဘိုး ‒ အဘိုးအခုထိုးတဲ့တယောသံစဉ်ကဘာလဲ ကျွန်တော်တစ်ခါမှမကြားဖူးပါဘူး"

သတိုးက တယောသံအရပ်မှာ အဘိုးအိုကိုမေးလိုက်ရာ အဘိုးအိုက သူ့ရဲ့တယောလေးကိုဘေးသို့ချ၍ ‒

"ဒီတယောသံစဉ်ဖြစ်ဖို့ အဘိုးနှစ်တွေအကြာကြီးလေ့ကျင့်ခဲ့ရတယ် မြေးရဲ့"

"ဟင် ‒ ဘာသံစဉ်မို့လဲ"

အဘိုးအိုက သတိုးရဲ့မျက်နှာကို တောက်ပသောမျက်လုံးဖြင့်ကြည့်လိုက်သည်။

ပြီးမှ ... လေသံအေးအေးဖြင့် ...

"အဘိုးထိုးတဲ့သံစဉ်က ဝိညာဉ်တွေနိုးထလာတဲ့ သံစဉ်ပဲမြေးရဲ့"

"ဗျာ ... "

"ဟုတ်တယ် ‒ ဒီတယောသံစဉ်ကြားဟာနဲ့ တစ္ဆေသရဲ ဝိညာဉ်တွေမြူးလာတော့တာပဲ"

သတိုးကအံ့ဩလွန်း၍ စကားကိုမဆက်နိုင်ဖြစ်နေစဉ် အဘိုးအိုက ဆက်၍ ...

"မြေးအဲဒီသံစဉ်ကိုသင်ရမယ်"

"ဗျာ"

"မြေးဘဝမှာ အကြောင်းတိုက်ဆိုင်လာရင် ခုနက အဘိုးထိုးပြတဲ့ တယောသံစဉ်မျိုးကိုထိုးချင်လာမှာပါ၊ အဲဒါမှ လူလေးဖြစ်ချင်တာတွေဖြစ်မယ်လေ"





အဘိုးအို၏ထူးဆန်းသောစကားကို သတိုးနားမလည်အောင်ဖြစ်ရသည်။

"ကျွန်တော်မသင်ချင်ပါဘူး အဘိုး"

"ဟော ‒ ဘာလို့လဲမြေးရဲ့ တယောသံစဉ်တွေနဲ့ပတ်သက်ရင် အမြဲစိတ်ဝင်စားတဲ့မြေးက ဒီသံစဉ်ကိုဘာလို့ငြင်းတာလဲ"

"မလိုအပ်ဘူးထင်လို့ပါ"

"ဟား ဟား ဟား"

အဘိုးအိုက သဘောကျစွာအားရပါးရရယ်သဖြင့် သတိုးလည်း နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ကျွန်တော် ဘာမှားသွားလို့လဲ"

"မမှားပါဘူး မြေး ‒ ဒါပေမယ့် လူလေးသတိထားရမှာက လောကမှာလူတွေဟာ အကြောင်းတစ်ခုခုနဲ့ခွဲသွားကြမှာပဲ၊ အဲဒီအခါ ကိုယ်သိပ်သံယောဇဉ်ရှိတဲ့လူ ဝိညာဉ်ဘဝရောက်သွားရင် သူ့ကိုကိုယ်ကတွေ့ချင်လို့ နိုးထစေချင်တယ်ဆိုရင် ခုနအဘိုးထိုးတဲ့ သံစဉ်ရဖို့လိုတယ်"

"အင်း"

သတိုးက စိတ်မပါစွာ ခေါင်းညိတ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အဘိုးဆီက ဝိညာဉ်နိုးထစေတဲ့သံစဉ်ကိုသင်ထားမည်ဟုတွေးထားလိုက်သည်။

တကယ်လို့များ ဘဝမှာလိုအပ်ခဲ့ရင်ဆိုတာ ...

မပြောနိုင်ဘူးလေ ...

o ⁂ o



www.burmeseclassic.com

www.burmeseclassic.com

ဒွေးကဗိညာဉ်တွေကိုတွေ့ရင် ဘူတာပဲ
သူတို့က ... တစ္ဆေသရဲကိုမြင်ကြတယ် ...

အခန်း(၄)

## သချိုင်းတောင်းကြီး

"ငါ အိမ်မှာနေရတာ အရမ်းစိတ်ညစ်တာပဲသတိုးရယ်၊ ကိုကိုက ငါ့ကိုဆို အမြဲဆူပူကြိမ်းမောင်းနေတယ်"

မျက်နှာငယ်လေးနှင့်ပြောတဲ့ မိသဥ္ဇာကို သတိုးစိတ်မကောင်းစွာကြည့်လိုက်၏။

"ဘာတွေဆူလို့လဲ မိသဥ္ဇာ"

"အစုံပေါ့ဟာ ... ငါ့ရဲ့အခွင့်အရေးတွေကိုလိုက်ကန့်သတ်နေတယ်၊ စိတ်ညစ်ပါတယ်ဟာ ငါမပြောချင်ဘူး"

မိသဥ္ဇာမပြောချင်ဘူးဆိုတော့ သတိုးလည်းဆက်မမေးချင် အသာငြိမ်နေလိုက်သည်။

"အခုချိန်မှာ အဖေနဲ့အမေရှိရင်အရမ်းကောင်းမှာပဲသတိုးရယ်"

"အင်း"

မျက်ရည်လေးဝဲကာပြောသည့် မိသဥ္ဇာကိုကရုဏာစွာ သတိုးကြည့်လိုက်သည်။ သူကိုယ်တိုင်ကလည်း ငယ်စဉ်ထဲက မိမဲ့ဖမဲ့နေလာခဲ့ရတာ လေ ...



www.burmeseclassic.com

www.burmeseclassic.com



အရင်းနှီးဆုံး အချစ်ဆုံး သူငယ်ချင်းကို ကိုယ်ချင်းစာမိတာပေါ့ ...

"တချို့တွေကပြောတယ် ငါ့ဘဝကိုအားကျတယ်တဲ့၊ အရာရာပြည့်စုံလို့တဲ့လေ၊ နင်စဉ်းစားကြည့်စမ်းသတိုး၊ ငါတို့ပြည့်စုံတာ ဖန်တီးယူလို့ရတယ် မိသားစုဆိုတဲ့ဘဝဆိုတာတော့ ငါတို့မှာမရှိဘူး"

"သိပ်လည်း အားမငယ်ပါနဲ့ မိသဥ္ဇာရယ်၊ ဖြစ်မလာတာ တမ်းတနေရင်အပိုပဲမလား၊ လက်ရှိဘဝမှာပဲနေတတ်အောင်နေဖို့ကြိုးစားပါ"

သတိုးကဖြေပြောလိုက်ပေမယ့် မိသဥ္ဇာကအဝေးသို့ကြည့်၍ —

"နင်က လောဘအရမ်းနည်းတာပဲ သတိုးရယ် — ငါ နင့်လိုဖြစ်ချင်တာ၊ ဒါပေမယ့် ... ငါကမိန်းကလေးလေ၊ နင့်လိုတော့စိတ်မမာနိုင်ဘူး"

"အေးလေ ဟုတ်ပါတယ်"

သတိုးခေါင်းညိတ်လိုက်၏။ ဒီနေ့ကျောင်းမှပြန်တော့ ဆိုင်ကယ်ပါမလာသည့်မိသဥ္ဇာက သတိုးနှင့်အတူလမ်းလျှောက်ကာ အိမ်ပြန်လာသည်။

မိသဥ္ဇာ အိမ်နှင့်ကျောင်းက နာရီဝက်သာသာလမ်းလျှောက်ရတာကြောင့် မိသဥ္ဇာက သူ့ရင်ထဲရှိတာတွေကို သတိုးအားရင်ဖွင့်ခြင်းလည်းဖြစ်၏။

"သတိုး နင့်ကိုမေးရဦးမယ်"

"ဘာလဲ မိသဥ္ဇာ"

မိသဥ္ဇာက သတိုးကို တစ်ချက်စောင်း၍ကြည့်လိုက်သည်။

"ဟိုလေ — နင်တို့နေတဲ့အိမ်ကြီးက သရဲအရမ်းခြောက်တယ်ဆို"

"ဟင် ... နင့်ကို ဘယ်သူပြောလဲ"

"မေဇင်တို့ပြောတာပဲ၊ သူတို့က နင်တို့ရပ်ကွက်ထဲမှာနေတာမလား"

သတိုးဘာမှပြန်မပြော ငြိမ်၍နေလိုက်သည်။ မေဇင်ဆိုတဲ့ကောင်မလေးက အတန်းထဲမှာ အလွန်စပ်စုသူတစ်ယောက်ဖြစ်သလို သူများအကြောင်းကိုလည်း အလွန်အမင်းစိတ်ဝင်စားသည်။

"ဟဲ့ ... ငါမေးနေတာဖြေလေ ..."

"နင်ဘယ်လိုထင်လို့လဲ မိသဥ္ဇာ"

---





"ငါထင်တာမထင်တာအရေးမကြီးပါဘူး၊ နင်ပြောမှသိမှာပေါ့ သူကပြောသေးတယ်၊ နင်တို့ခြံကြီးက အရင်ကသင်္ချိုင်းဟောင်းနေရာတဲ့၊ ခြံထဲမှာ ခုထက်ထိအုတ်ဂူပျက်တွေရှိသေးတယ်ဆို"

"ဟုတ်တယ် မိသဥ္ဇာ"

"ဟင်"

တိုတိုပြတ်ပြတ်ဖြေလိုက်သည့်သတိုးကို မိသဥ္ဇာကအံ့သြစွာကြည့်လိုက်၏။

"တို့ခြံကြီးဟာ သူများတွေပြောသလိုသင်္ချိုင်းဟောင်းကြီးတစ်ခုပါ မိသဥ္ဇာ၊ တို့အဘိုးကိုယ်တိုင်ကလည်း အရင်ကသုဘရာဇာကြီးတစ်ယောက်ပေါ့၊ သရဲအရမ်းခြောက်တယ်ဆိုတာက လူတွေပြောကြတာပါ၊ ငါတော့တစ်ခါမှ အခြောက်မခံဖူးပါဘူး"

"နင့်ကိုတော့ဘယ်ခြောက်မလဲ ... မေဇင်ကပြောသေးတယ် ရပ်ကွက်ထဲမှာနာရေးဖြစ်ရင် နင်တို့ခြံထဲက ခွေးအူသံတွေကြားရတယ်ဆို"

"ခွေးအူတာပဲဟာ ဘာဆန်းလို့လဲ"

"ခွေးက ဝိညာဉ်တွေကိုတွေ့လို့အူတာဆိုကြောက်စရာကြီး"

"အင်း — လူတွေကလည်းခက်တယ် မိသဥ္ဇာရယ်၊ ရပ်ကွက်ထဲမှာ တစ်ခုခုဆို ငါတို့ကိုအပြစ်တင်ကြတယ်၊ ဟိုစကားပုံလိုပေါ့ဟာ မရှိနိုးနိုး မလှစုန်းမျိုးဆိုတာမျိုးပေါ့"

သတိုးက သူ့ရင်ထဲရှိရာကိုပြောလိုက်သည်။ သတိုးရဲ့ဘဝအခြေအနေကိုသာ မိသဥ္ဇာသိပေမယ့် သူတို့အိမ်ခြံကြီးရဲ့အခြေအနေကိုတော့ အခုမှသိခြင်းလည်းဖြစ်သည်။

တစ်မြို့ထဲနေပေမယ့် သတိုးရဲ့အကြောင်းကိုဘယ်သူမှသိပ်မပြောကြ။ အခုတလောမှပြောခြင်းလည်းဖြစ်သည်။ ဒါဟာလည်းအကြောင်းရှိ၏။ ထိုအကြောင်းကြောင့် နှစ်ပေါင်းများစွာတိမ်မြုပ်နေသော ခြံကြီးရဲ့ရာဇဝင်ပေါ်လာခြင်းဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာစဉ်းစားနေတာလဲ"

အတွေးတို့ဖြင့် ငြိမ်နေသည့်သတိုးကို မိသဥ္စာကမေးလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူးဟာ ... လူတွေဟာ ငါတို့ကို ဘာလို့နှိမ်ချချင်တာလဲလို့ တွေးနေတာ"

"တွေးမနေနဲ့ ဘယ်သူတွေဘာပြောပြော နင်က ငါ့သူငယ်ချင်းပဲ၊ ငါ့စိတ်ထဲမှာဘာမှမရှိဘူး"

"နင်ကမရှိပေမယ့် ငါကပြောပြချင်တယ်"

အဲဒါကဘာလဲဆိုတော့ ...

၀ ❋ ၀



ဦးဘညိုဟာ တယောက်ပုခုံးမှာထမ်းရင်း ရပ်ကွက်ထဲဝင်သည့် လမ်းအတိုင်း အေးဆေးစွာလျှောက်လို့လာသည်။ အချိန်က ညနေစောင်း နေဝင်မိုးချုပ်စအချိန်ဖြစ်၏။

ထိုအချိန်တွင် ဦးဘညိုနှင့်မျက်နှာချင်းဆိုင်မှ အသက်လေးဆယ်အရွယ်ခန့် ယောကျ်ားတစ်ဦးလျှောက်လို့လာသည်။ ဦးဘညိုနှင့်ဆုံတော့ ...

"အဘညို ဘယ်ကပြန်လာတာလဲ"

"မင်္ဂလာဆောင်တစ်ခုက သာဒင် ... မင်းလည်းဘယ်သွားမလို့လဲ"

"ဗိုက်ထဲကနည်းနည်းအောင့်နေလို့ မြို့ထဲဆေးထွက်ဝယ်တာ"

ဦးဘညိုက ဦးသာဒင်ရဲ့မျက်နှာကိုသေချာစိုက်ကြည့်လိုက်ပြီး ...

"သာဒင် မင်းရောဂါကို ဆရာဝန်နဲ့သေသေချာချာပြကွာ"

"အရမ်းကြီးမဟုတ်ပါဘူး အဘညိုရဲ့"

"မဟုတ်သေးဘူးသာဒင်၊ မင်းပုံစံကမမှန်ဘူး ငါပြောသလိုသာလုပ်ပါ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍ သာဒင်ထွက်သွား၏။ ဦးဘညိုလည်း ခေါင်းကိုအသာရမ်းကာ အိမ်သို့ပြန်လာခဲ့သည်။

နောက်တစ်နေ့နံနက်ရောက်သောအခါ —

"ဦးဘညို — ဦးဘညို"

ခြံရှေ့ကခေါ်သံကြောင့် ဦးဘညိုလည်း အိမ်ထဲမှထွက်လာပြီး ခြံဝသို့ လျှောက်လာကာ ခြံဝတွင်ရပ်နေသော လူသုံးလေးဦးခန့်ကိုတွေ့ရသဖြင့် —

"ဘာကိစ္စရှိလို့လဲဟေ့"

"ဦးဘညို ဘယ်လိုလုပ်လိုက်တာလဲ"

"ဟေ — ဘာကိုပြောတာလဲ"

"သာဒင်သေပြီဗျ"

"ဟေ"

ဦးဘညိုအလွန်အံ့သြလို့သွားသည်။ သူ မနေ့ညနေက သာဒင်မျက်နှာကို ကြည့်၍သတိပေးခဲ့သေးသည်။

"ခင်ဗျား ကြောင်တောင်တောင်လုပ်မနေနဲ့ သာဒင်သေတာခင်ဗျား ကြောင့်လို့ သူ့မိန်းမကပြောတယ်"

"ဘာဆိုင်လို့လဲ"

"ဘာလို့မဆိုင်ရမှာလဲ သာဒင်ဗိုက်လေးနည်းနည်းအောင့်တာကို ခင်ဗျားက ပြုစားလိုက်တာလို့ မသေခင်သူ့မိန်းမကို သာဒင်ကပြောတယ်တဲ့"

"ခက်တာပဲကွာ"

"ခက်တာတွေ မခက်တာတွေ လုပ်မနေနဲ့ ခင်ဗျားဘယ်လိုလုပ်ပေးမှာလဲ"

"ဟော — ငါကဘယ်လိုလုပ်ပေးရမှာလဲ"

"ခင်ဗျားကြောင့် သာဒင်သေရတာ ခင်ဗျားမှာတာဝန်ရှိတာပေါ့"

ဦးဘညိုနေရင်းထိုင်ရင်း တရားခံဖြစ်နေသည်။ သူ့ရဲ့ပညာရပ်ကိုလည်း ရှင်းပြရင်နားလည်မှာမဟုတ် ...





"ကဲ — ငါဘာလုပ်ပေးရမလဲ သေသွားတဲ့သာဒင်ကို အသက်သွင်း ပေးရမလား"

"ဟာ — မသာကိုအသက်သွင်းတာ ဘာအဓိပ္ပါယ်ရှိမှာလဲ၊ ခင်ဗျား သတိထားနေ ... "

ဦးဘညိုအား ထိုလူများက ပြောဆိုကြိမ်းမောင်းကာ ပြန်သွားကြ သည်။

"ဟင်း"

ဦးဘညိုကတော့ သက်ပြင်းရှည်ကြီးကိုချကာ အိမ်ကြီးဆီသို့ပြန်လျှောက် လာတော့သည်။

ဝ ❀ ဝ



www.burmeseclassic.com

www.burmeseclassic.com

သရဲတစ္ဆေတွေနဲ့ ကလူနေတော့
သူလည်း ပညာတွေတတ်တာပေါ့ ...

အခန်း(၅)

## ဝမ်းဆွဲသည့်လှုပ်တဲ့ယောက်ျားကြီး

ရပ်ကွက်ထဲမှာတော့ ဦးဘညိုရဲ့သတင်းက အလွန်တရာမှကို ပျံ့လွင့်လို့နေသည်။ သာဒင်ကို ဦးဘညိုပြောလို့သေရတာဆိုတဲ့ စွပ်စွဲချက်ကလည်း အရပ်ထဲကလူတွေရဲ့ ပါးစပ်ထဲမှာသတင်းကြီးနေ၏။

"သူတို့အိမ်ကြီးရှိတဲ့ခြံက သင်္ချိုင်းမြေနေရာ အရမ်းကြောက်ဖို့ကောင်းတာ၊ ဦးဘညိုကလည်း အရင်က သုဘရာဇာကြီး ဒီကွက်သစ်ကိုမြေနေရာချတော့ သင်္ချိုင်းပြောင်းရတယ်လေ ...

ဦးဘညိုက ဘယ်သူမှမနေရဲတဲ့ သင်္ချိုင်းမြေခြံကွက်ကြီးထဲမှာ ဇရပ်ကို အိမ်ပုံစံဆောက်ပြီးနေတာ"

အဖိုးထင်စကားကို အားလုံးကတိတ်တဆိတ်နားထောင်နေကြသည်။

"သင်္ချိုင်းရွှေ့တော့ တချို့နာနာဘာဝတွေက အစွဲကြောင့် အဲဒီခြံကြီးထဲမှာပဲကျန်ခဲ့တာ၊ ခြံကြီးကိုကြည့်ပါလား သစ်ပင်ကြီးတွေနဲ့ကြောက်စရာကောင်းတယ်"

"ဟုတ်တယ်နော် အဘိုး"

"ဦးဘညိုပါးစပ်က သိပ်စီးတာ၊ သူပြောလိုက်တာနဲ့ အကုန်ဖြစ်တာပဲကြည့်၊ သူက သုဘရာဇာကြီးလေ လူတွေကိုသင်္ဂြိုဟ်ချင်တာပဲသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘိုး၊ ဟုတ်တယ်"

သာခင်နာရေးအသုဘမှာ ပိုင်းဖွဲ့ထိုင်ရင်း ရှေ့မှီနောက်မှီအဘိုးထင်ရဲ့ စကားကို အားလုံးကစိတ်ဝင်တစားနဲ့နားထောင်လို့နေကြသည်။

"အဘိုး ဦးဘညိုက ပညာတွေတတ်မှာပေါ့နော်"

ရွာသားတစ်ဦးဖြစ်တဲ့ ဝင်းရွှေအမေကို အဘိုးထင်က ...

"သူ့ဘာရာဇာပဲကွာ သရဲတစ္ဆေတွေနဲ့အတူနေလာတာ ... တတ်မှာပေါ့၊ ဒါပေမယ့် ... သူက တယောထိုးသိပ်ကောင်းတာကွ"

"ဟုတ်တယ်နော် ... သူ့တယောသံက စိတ်ကိုညှို့ထားသလိုပဲ"

တစ်ယောက်တစ်မျိုး သူတို့ရဲ့အဖြစ်ကိုပြောနေကြစဉ် အသုဘခြံဝင်းထဲသို့ မိန်းမတစ်ယောက် ဆံပင်ဖားလျားနှင့်အပြေးရောက်လို့လာသည်။

"ဟဲ့ ... မိစိမ်း ဘာဖြစ်လာတာလဲ"

ချွေးများရွှဲရွှဲစိုကာ မျက်နှာလည်းမကောင်းသည့် မိစိမ်းကို မဏ္ဍပ်ထဲရှိ လူများကမေးကြ၏။

"ဟိုလေ ... မကြည် ကလေးမီးမဖွားနိုင်လို့ ဗိုက်ကတအားနာနေပြီ"

"ဆေးရုံသွားလေ အရပ်လက်သည်နဲ့ဖြစ်ပါ့မလား"

"မြန်မြန်လုပ် ဒီအချိန်က သိပ်အရေးကြီးတယ်"

တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရာ မိစိမ်းက ...

"မကြည်ယောက်ျား ကိုစောမင်း မြစ်ကြီးနားဘက်သွားရင်း ဆုံးသွားတယ်တဲ့"

"ဟာ ... ပြဿနာပဲ ... ကဲ ကဲတို့တွေလိုက်သွားကြမယ်"

အသုဘအိမ်က လူတချို့ကလည်း မိစိမ်းလာခေါ်ရာနောက်သို့လိုက်သွားကြသည်။

မကြည်တို့အိမ်ရောက်တော့ မကြည်ရဲ့အခြေအနေကသိပ်မကောင်း။

"အား ... အင့် ... နာလိုက်တာ"

အခန်းထဲမှာ မကြည်ရဲ့ညည်းညူသံကြောင့် အားလုံးရဲ့မျက်နှာတွေ





ျက်နေကြသည်။ မကြည်တို့ခြံက ဦးဘညိုရဲ့ခြံဘေးမှာရှိ၊ အိမ်မဲကြီးကိုလည်း ပ်း၍ မြင်နေရသည်။

အခန်းထဲမှထွက်လာသည့် ဝမ်းဆွဲသည်ဒေါ်ကျင်ရွှေအား ဝင်းရွှေက-

"ဒေါ်ကြီး ... မကြည်ရဲ့အခြေအနေဘယ်လိုလဲ"

"အင်း"

ဒေါ်ကျင်ရွှေက ခေါင်းကိုအသာရမ်းပြသည်။

"အဲလိုဆိုလည်း ဆေးရုံပို့ရအောင်လေဗျာ"

"မမှီတော့ဘူး"

"ဟာဗျာ ... "

မကြည်တို့ရဲ့အိမ်ရှေ့ကွပ်ပျစ်လေးမှာတော့ အရပ်ထဲကလူတွေ စုစုစုနှင့်ဖြစ်နေကြသည်။

ထိုစဉ် ...

"ဟင်"

"ဟယ်"

ညင်သာလွန်းလှသည့် တယောသံက ပျံ့လွင့်လို့လာသည်။ အားလုံးရဲ့ မျက်နှာတွေမှာ တအံ့တသြအမူအရာတွေဖြစ်လို့နေ၏။

"ဦးဘညိုထိုးတဲ့တယောသံပဲ"

"ဟုတ်တယ် တယောသံက တဖြည်းဖြည်းနီးလာသလိုပဲ"

"အေးကွ ... ဒီကိုလာနေတာလားမသိဘူး"

တစ်ယောက်ရဲ့အမြင်ကိုတစ်ယောက်ပြောနေကြစဉ် ဦးဘညိုတယောကို ပခုံး၌ထမ်းကာ မကြည်၏အိမ်ခြံထဲသို့ဝင်၍လာသည်။

တယောကိုတော့ အထိုးမပျက် ...

ဦးဘညို မကြည်အိမ်ရှေ့ လူစုနားရောက်တော့ တယောထိုးတာကို ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဦးဘညို့ကိုဝိုင်းကြည့်နေကြသည်။ ဘာစကားတစ်ခွန်းမှ မပြော။ ဦးဘညိုက …

"ဒီအိမ်ကကောင်မလေး မီးမဖွားနိုင်ဘူးလား၊ ကျုပ်သူ့ကိုကြည့်ချင် တယ်"

"ဟာ – ဘယ်ဖြစ်မလဲ ခင်ဗျားက ဘာပညာတတ်လို့လဲ"

'ကောင်မလေးအခြေအနေက ပစ်ရတော့မယ်မလား၊ ပစ်ရမယ့်အတူ တူ ကျုပ်ကြည့်ပါရစေ"

မကြည်ရဲ့အိမ်ရှေ့က အရပ်ထဲကလူတွေ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်လိုက်ကြသည်။

"ခင်ဗျားကြည့်ပြီးတော့ ဘာလုပ်မှာလဲ"

"မွေးပေးမယ်လေ"

"ဘာ … ဘာဗျ"

"သုဘရာဇာကများ ရာရာစစ"

အားလုံးက ဦးဘညိုကိုဝိုင်း၍ကဲ့ရဲ့ကြသည်။ ဦးဘညိုကတော့ အပြုံး မပျက် …

"ခင်ဗျားတို့ကောင်မလေးကို ဒီအတိုင်းပစ်ထားမှာလား"

" … "

အားလုံးရဲ့လေသံတွေတိတ်လို့သွားသည်။ ဦးဘညိုကဆက်၍ –

"အသက်ကတစ်ချောင်းတည်းမဟုတ်ဘူးနော်၊ နှစ်ချောင်း ကောင်မ လေးရဲ့ဗိုက်ထဲက ကလေးရဲ့အသက်လည်းရှိသေးတယ်"

" … "

"ကျုပ်ကောင်မလေးရဲ့ အခြေအနေကိုကြည့်ပါရစေ၊ အချိန်သိပ်လွန် လို့မဖြစ်ဘူး"

ဝမ်းဆွဲသည်ဒေါ်ကျင်ရွှေက စိတ်လျှော့သည့်လေသံနှင့် –

"ဒီလိုလုပ် ရှင် မကြည်ရဲ့ကိုယ်ဝန်ကိုတကယ်မွေးပေးနိုင်လို့လား"





"ကျုပ်ကြည့်မယ်လေ"

"မွေးပေးနိုင်မယ်ဆို လာလိုက်ခဲ့"

ဝမ်းဆွဲသည်ဒေါ်ကျင်ရွှေက အိမ်ပေါ်သို့တက်လာရာ ဦးဘညိုက နောက်ကလိုက်လာ၏။

"အား … အင့် … "

အခန်းထဲမှာ ပက်လက်အနေအထားက ညည်းညူနေသော မကြည်ကို ဦးဘညိုကကြည့်၍ မကျင်ရွှေအားလေသံတိုးတိုးနှင့် …

"ကောင်မလေးကတော့ အခြေအနေသိပ်မကောင်းဘူး၊ ဗိုက်ထဲက ကလေးကိုတော့ရအောင်ယူမယ်"

"အို – ရှင်ကလည်း မိခင်တောင်အခြေအနေမကောင်းတာ ဗိုက်ထဲက ကလေးကိုဘယ်လိုမွေးမလဲ"

"မပူပါနဲ့ ကျုပ်တာဝန်ထားစမ်းပါ၊ အပြင်ကလူတွေကိုသာမေးလိုက် ကောင်မလေးအသက်မရတော့ဘူး ကလေးကိုရအောင်ယူမယ်လို့"

"အင်း"

ဝမ်းဆွဲသည် ဒေါ်ကျင်ရွှေက အခန်းအပြင်ဘက်သို့ထွက်သွားပြီး မကြာကြာတော့ အခန်းထဲပြန်ဝင်လာပြီး …

"ရှင် – ကောင်းမယ်ထင်သလိုသာလုပ်၊ ကျုပ်လက်လျှော့လိုက်တဲ့ ပူဟာ ကောင်းဖို့ကိုမရှိဘူး"

"ရတယ်လေ ကျုပ်ကြိုးစားလိုက်မယ်"

ဦးဘညိုက နိုင်မာစွာပြောဆိုလိုက်ပြီး ကလေးမီးဖွားရန်ဆောင်ရွက်စရာ ကိစ္စများကို လုပ်လေတော့သည်။

O ❀ O



www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုယူသွားရင် သေနေတဲ့
ကလေးအမေ အလောင်းကိုပါ ယူသွား ...

အခန်း(၆)

## သူ့ဘာရေစာ ဆေးဆရာ

"အူဝဲ ... ဝဲ ... "

အခန်းထဲမှကလေးငိုသံကြားရတာကြောင့် အိမ်အပြင်ကရွာသူရွာသားတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ခဏကြာတော့ ဝမ်းဆွဲသည်ဒေါ်ကျင်ရွှေက ကလေးကိုပုဆိုးပိုင်းဖြင့်ပတ်ကာ အိမ်အပြင်သို့ခေါ်လာသည်။

"ဒေါ်ကျင်ရွှေ ဘာလေးလဲဗျ",

"ယောကျ်ားလေးဟေ့ ယောကျ်ားလေး"

ဒေါ်ကျင်ရွှေကအော်ပြောပြီး ဖြူဖြူတုတ်တုတ်ချစ်စရာကောင်းသည့်ကလေးကိုရွာသူရွာသားများက အလုအယက်ဝိုင်းကြည့်ကြသည်။

"မကြည်တော့ ဆုံးရှာပြီ"

"ဟင်"

"ဒီကလေးကို ဘယ်လိုလုပ်ကြမလဲ သူ့အဖေလည်းမရှိတော့ဘူးဆိုတော့ ... "

အားလုံး ဘာလုပ်လို့ရမှန်းမသိဖြစ်နေကြသည်။ ထိုအချိန်တွင် ဦးဘညိုက အိမ်ပေါ်မှဆင်း၍လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကိုဘယ်သူမွေးမလဲ"

အကုန်လုံးဆီမှအသံထွက်မလာ ...

"ကျုပ်မေးနေတယ် ဒီကလေးကိုဘယ်သူမွေးမလဲလို့"

ဦးဘညိုကထပ်မေးသော်လည်း ဖြေသူကမရှိတာကြောင့် ဒေါ်ကျင်ရွှေလက်ထဲမှ ကလေးကိုပြောင်းယူချီ၍ ...

"မွေးမယ့်သူမရှိရင် ကျုပ်မွေးမယ်၊ အပေါ်မှာကလေးအမေအလောင်းရှိတယ် သူကိုတော့ရွာကပိုင်းတာဝန်ယူလိုက်ကြပေါ့"

သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့နေကြသည်။

မကြည်နှင့်သူ့ယောကျ်ားကိုစောမင်းတို့က အမျိုးအဆွေတွေအရပ်ထဲမှာရှိတာမဟုတ်သလို သာဒင့်အလောင်းကလည်း သဂြိုဟ်တောင်မသဂြိုဟ်ရသေး။

အရပ်ထဲတွင်နေရာတကာပါသည့် ကိုဝင်းရွှေဆိုသည့်လူက ...

"ကလေးကို ခင်ဗျားယူမယ်ဆို ကလေးအမေပါယူသွားပေါ့ဗျ"

"ဘာ ... သေသွားတဲ့ ကလေးအမေကောင်မလေးကိုပါ ခေါ်သွားရမယ်ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟား ဟား ကောင်းတယ် ... ကောင်းတာပေါ့ကွာ မင်းတို့ပြောတာတရားကျပါတယ်၊ အေးတစ်ခုတော့ရှိတယ် ကလေးအမေကိုမနက်ဖြန် မင်းတို့အိမ်လာပို့လိုက် ငါက ကလေးတစ်ဘက်နဲ့ခေါ်မသွားနိုင်ဘူး"

"ရတယ် ပို့လိုက်မယ်"

ဦးဘညိုလည်း ဖြူဖြူဖွေးဖွေးချစ်စရာကောင်းသည့် ကလေးကိုပွေ့ကာ မကြည်၏ခြံထဲမှထွက်လာခဲ့တော့သည်။

ဝ ၀၀၀ ဝ



"အဲဒါပဲ မိသဉ္ဇာ အဲဒီနောက်ပိုင်း တို့အဘိုးကို အမျိုးမျိုးအပြစ်တင်တော့တာပဲ အရပ်ထဲကတစ်ခုခုဖြစ်ရင် တို့ကြောင့်ပေါ့"

သတိုးက ရှည်လျားစွာပြောတာကို နားထောင်နေသည့် မိသဉ္ဇာက ...

"နင့်အဘိုး ခေါ်လာတဲ့ကလေးဟာ ... "

"ငါပဲလေ"

"ဟင်"

မိသဉ္ဇာ တအံ့တသြနှင့် သတိုးကိုမော့ကြည့်လိုက်သည်။

"ငါ့အမေက ငါ့ကိုမမွေးနိုင်လို့သေသွားတာ ... နောက်တစ်ရက်မှာရွာထဲလူတွေက ဖျာလိပ်နဲ့ပတ်ပြီး ခြံထဲလာထည့်ထားကြတယ် ...

အဘိုးက အမေ့အလောင်းကို ခြံထဲမှာပဲသဂြိုဟ်ခဲ့ရတယ်"

"နင့်တို့ အဘိုးပြောတာနဲ့ လူတွေ ဘာလို့သေသွားရတာလဲ"

သတိုးမဖြေချင် ငြိမ်၍သာနေသည်။ မိသဉ္ဇာကလည်း သူသိချင်တာကိုသိရမှကျေနပ်တာကြောင့် ...

"ဖြေလေ သတိုး ... နင်တို့အဘိုးက မှော်ပညာတတ်လို့လားဟင်၊ ဒါမှမဟုတ် သေမင်းရဲ့တမန်တော်များလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အဘိုးမှာ ထူးခြားတဲ့အတတ်ပညာတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ လူရဲ့အင်္ဂါရုပ်ကိုကြည့်လိုက်တာနဲ့ အဲဒီလူရဲ့သေနေ့ကို သိနေတာပဲ...

"ဟင် ... အဲဒါ ဘာပညာလဲ"

"မသိပါဘူးဟာ ... ကျင့်စဉ်တစ်ခုလို့ပြောတာပဲ၊ သူငယ်ငယ်ထဲက ကျင့်ခဲ့တာတဲ့၊ အလောင်းတွေကိုကြည့်ပြီး ကျင့်တယ်ပြောတာပဲ ...

ပြီးတော့ အဘိုးရဲ့အဖေက ဆေးဆရာတစ်ယောက်တဲ့၊ အဘိုးလည်း သူ့အဖေဆီက ဆေးပညာအမွေရခဲ့တယ်"

မိသဇ္ဇာ သတိုးပြောပြတဲ့အကြောင်းတို့ကို တဖြည်းဖြည်းသဘောပေါက်စ ပြုလို့လာသည်။

"နင့်အဘိုးက ဘာလို့ ဆေးကုမစားတာလဲ"

"အဲဒါကလည်း အတိအကျငါမသိဘူး၊ အဘိုး တစ်ခါက ပြောတာတော့ ဒဏ်ထိထားလို့ ဒဏ်ကြေအောင်ဆပ်နေတာတဲ့"

"ဘာလုပ်ထားလို့ ဒဏ်ထိတာလဲ"

"မိသဇ္ဇာ နင်တော်တော်အမေးအမြန်းထူတာပဲ"

"ငါ့မှာအကြောင်းရှိလို့ပါ"

မျက်နှာလေးငယ်သွားပြီး ပြောသည့် မိသဇ္ဇာကို သတိုးကကြည့်၍–

"ဘာအကြောင်းလဲ မိသဇ္ဇာ ပြောပြလို့ရရင်ပြောပြပါလား"

"ငါ – တစ်ခါတလေ ခေါင်းတွေတအားမူးတာပဲ၊ အဲဒီအခါကျရင် မထချင်တော့ဘူး မျက်လုံးတွေထဲလည်း ဘာမှမမြင်ရတော့ဘူး သတိုး"

"ဆရာဝန်မပြဘူးလား"

"ဟင့်အင်း"

"ဘာလို့လဲ မိသဇ္ဇာရယ်၊ ဆရာဝန်ပြမှကောင်းမှာပေါ့ ဘယ်နှစ်ခါ လောက် အဲဒီလိုဖြစ်လဲ"

"ဖြစ်စတုန်းကနဲ့ နောက်တစ်ခေါက်ဖြစ်တာနဲ့က ကွာတယ်၊ အခု





နောက်ပိုင်းဖြစ်တာ ခဏခဏပဲ"

"နေဦး – ငါအဘိုးကိုမေးကြည့်ဦးမယ်"

"မေးပေးဟာ – ကိုကို့ကိုပြောရင် ဆေးခန်းပြဆေးထိုးနဲ့ အိမ်ထဲက အိမ်ပြင်ပေးထွက်မှာမဟုတ်ဘူး၊ လူမမာလိုအိပ်ရာထဲမှာနေရမှာ"

သတိုး မိသဇ္ဇာအကြောင်းကိုသိသည်။ မိသဇ္ဇာက အိမ်ထဲမှာ မနေချင် သူ၊ လွတ်လွတ်လပ်လပ်အပြင်သို့သွားလာနေရတာကို ကျေနပ်သည့်သူဖြစ်၏။

"နင့်ကြည့်ရတာ အခုတလောအားနည်းနေသလိုပဲ အသားအရေက ဖြူဖတ်ဖြူလျော်နဲ့"

"ဟုတ်တယ်သတိုး ... ငါ့ကိုယ်ငါလည်းအားမရပါဘူး"

"နင်က အစားတော့မပျက်ဘူးနော်၊ စားနိုင်တုန်းပဲ"

မိသဇ္ဇာအနည်းငယ်ပြုံး၍ –

"အဲလိုဖြစ်လို့ ပိုစားတာသတိုးရဲ့"

"အင်း – ငါစဉ်းစားတယ် ... တကယ်လို့ နင်သာတစ်ခုခုဖြစ်ရင် ငါ ဘယ်လိုနေရမှန်းတောင်မသိဘူး"

"နင် ဘာကိုဆိုလိုတာလဲ ဟင်"

"ဘာမှ မဟုတ်ပါဘူး မိသဇ္ဇာရယ် ... ပြီးတော့နင်လည်းဘာမှဖြစ်မှာ မဟုတ်ပါဘူး"

မိသဇ္ဇာ ခေါင်းကိုအသာငုံ့ကာထားလိုက်သည်။

သတိုးပြောတာကို သူသဘောပေါက်သလို သတိုးရင်ထဲမှာ ဘာရှိတယ် ဆိုတာကိုလည်း သူသိသည်။ သူ့ရင်ထဲဘာရှိလဲဆိုတာ သတိုးမသိတာတော့ ခက်လို့နေသည်လေ –

○ ○



www.burmeseclassic.com

www.burmeseclassic.com

တယောသံစဉ်ကိုနားထောင်ရင်း
သတိလစ်သွားတဲ့ကလေးမလေး
လက်ကို စမ်းကြည့်လိုက်ရာ ...

အခန်း(၇)

## နှစ်ဆောင်ပြိုင်အိမ်မဲကြီး

မိသဥ္စာဆိုင်ကယ်ကိုစီးရင်း ရပ်ကွက်အလယ်လမ်းမအတိုင်း ခြံများကို ကြည့်ရင်းလာခဲ့သည်။ သတိုးတို့နေတာက ရပ်ကွက်ဟုဆိုသော်လည်း သူတို့နေသည့် မြို့အတွင်းပိုင်းလို လမ်းများအိမ်နေရာများက သေသေသပ်သပ် သိပ်မရှိကြ။

ခြံတွေကလည်းအကျယ်ကြီးဖြစ်သလို သစ်ပင်ကြီးတို့ကြောင့် ရွာကြီး တစ်ရွာလိုဖြစ်နေ၏။

သတိုးပြောပြထားလို့ သူတို့နေတဲ့ခြံက လမ်းမကြီးရဲ့အဆုံးမှာဖြစ်၍ ဘယ်သူ့ကိုမှမမေးဘဲ ဆိုင်ကယ်ကို လမ်းဆုံးသည်ထိ မောင်း၍လာသည်။

လမ်းဆုံးတော့ ကျယ်ဝန်းလှသောခြံကျယ်ကြီးတစ်ခြံကိုတွေ့လိုက်ရ၏။

မိသဥ္စာလည်း ဆိုင်ကယ်ပေါ်မှဆင်း၍ ခြံဝမှ ...

"သတိုးရေ ... သတိုး ..."

လှမ်း၍ခေါ်လိုက်၏။ ခြံစည်းရိုးတစ်လျှောက်မှာ ကြာခတ်ဝါးပင်များကို စိုက်ပျိုးထားသောကြောင့် ခြံထဲကိုတခြားတိရစ္ဆာန်နှင့်လူများမဝင်လာစေရန်

www.burmeseclassic.com



အတားအဆီးတစ်ခုလိုဖြစ်လို့နေသည်။

ခြံဝနှင့်အိမ်ကြီးကလည်း တစ်ခေါ်စာလောက်ကိုဝေးတာကြောင့် မိသဉ္ဇာ အသံကိုမြှင့်၍ထပ်ခေါ်ရသည်။

"သတိုးရေ ... သတိုး ... "

" ... "

"သတိုးရေ ... သတိုး ... "

အိမ်ကြီးဆီမှတုန့်ပြန်သံကိုမကြားရသဖြင့် မိသဉ္ဇာလည်းခြံဝက ဝါးတံခါး လေးကိုတွန်းကာ ခြံထဲသို့တစ်လှမ်းချင်းဝင်လို့လာသည်။

ခြံဝနှင့်အိမ်ကြီးဆီသို့ဝင်သည့် အဝင်လမ်းမကကျယ်ကြီးမဟုတ်ပေမယ့် သေသပ်စွာဖောက်ထားတာကြောင့် မိသဉ္ဇာသွားရတာ အခက်အခဲမရှိ။

သို့သော် ...

ခြံဝင်းထဲဝင်လိုက်တာနှင့် လူတစ်ကိုယ်လုံးအေးစိမ့်လို့သွား၏။ တချို့ နေရာများမှာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့်ပြည့်လို့နေသလို အုတ်အဟောင်း အကျိုး အပျက်များက အုတ်ဂူဟောင်းများဖြစ်မည်ဟု မိသဉ္ဇာတွေးမိရာ စိတ်ထဲ၌ ကြက်သီးများထလို့လာ၏။

တဖြည်းဖြည်းလျှောက်လာတော့ အိမ်ကြီး၏တံခါးဝနားသို့ရောက်လို့ လာသည်။

အဝင်တံခါးကြီးမှာ ပိတ်လျက်ရှိပြီး ကျွန်းတံခါးအမည်းကြီးဖြစ်၏။ သတိုးကိုအော်ခေါ်လိုက်ရင် ကောင်းမလားဟုစိတ်ထဲတွေးလိုက်စဉ် ...

"ကလေးမ"

"အမလေး"

မိသဉ္ဇာလန့်လို့သွား၏။ သူ့ကိုရုတ်တရက်ခေါ်လိုက်သည့် အသံရှင်ကို လည်း လှမ်းကြည့်လိုက်ရာ အဘိုးအိုတစ်ယောက်ဖြစ်လို့နေသည်။

"ကလေးမ ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

"သ ... သတိုးကိုပါ အဘိုး ... အဘိုးက သတိုးရဲ့အဘိုးလားဟင်"





"ဟုတ်ပါတယ် ကလေးမ ... လူလေးဆန်သွားဝယ်တယ်၊ ခဏ စောင့်မလား"

မိသဉ္ဇာစဉ်းစားလိုက်သည်။ ရောက်ပြီးမှမထူးဟုတွေးမိပြီး ...

"စောင့်မယ်လေအဘိုး ... မကြာဘူးမလား"

"ပြန်လာတော့မှာပါ၊ သွားတာကြာပြီလေ ကလေးမစောင့်မယ်ဆို ဟိုတန်းလျားမှာထိုင်စောင့်နေ အဘိုးခြံနောက်စည်းရိုးပြင်စရာရှိလို့ သွားဦး မယ်"

"ဟုတ်ကဲ့ အဘိုး"

လက်ပံပင်ကြီးအောက်တွင် သစ်သားတန်းလျားလေးကိုတွေ့တာနှင့် မိသဉ္ဇာလည်း တန်းလျားလေးဆီသို့လာကာ ထိုင်လိုက်သည်။

အိမ်ကြီးက နှစ်ဆောင်ပြိုင်နှစ်ထပ်ကျွန်းအိမ်အမည်းကြီးဖြစ်သလို တချို့နေရာများတွင် ပျဉ်များဆွေး၍ကွာကျလို့နေသည်။

ပြတင်းပေါက်တံခါးများစွာရှိသော်လည်း ဖွင့်၍မထားဘဲရှိနေသည်။ အပေါ်ထပ်ပြတင်းပေါက်တစ်ချပ်သာဖွင့်၍ထား၏။

အိမ်ကြီးကိုကြည့်၍ အလိုလိုနေရင်း မိသဉ္ဇာ ကြက်သီးထလို့ လာ သည်။

"ရှဲ"

"ဟင်"

လေတစ်ချက်အဝေ့မှာ ခြံထဲမှသစ်ပင်ကြီးတချို့အသံကြောင့် မိသဉ္ဇာ လန့်လို့သွား၏။

"ဟဲ့ ... မိသဉ္ဇာ ဘယ်လိုဘယ်လိုရောက်နေတာလဲ"

သတိုးအသံကိုကြားလိုက်ရတော့ မိသဉ္ဇာမတ်တတ်ထရပ်လိုက်သည်။ သတိုးရဲ့ပခုံးပေါ်မှာဆန်အိတ်လေးတစ်အိတ်ထမ်းထား၏။

"နင့်ဆီလာတာ သတိုး"

"ခဏထိုင်ဦး ... ငါအိမ်ထဲမှာ ဆန်ထုပ်သွားထားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပြန်လာ"

"အေး"

သတိုးက အိမ်ထဲဝင်သွားပြီးခဏအကြာပြန်ထွက်လို့လာသည်။

"ဘာစိတ်ကူးတွေပေါက်နေတာလဲ မိသဥ္ဇာ"

"ဘာကိုလဲ"

"နင့်နဲ့ငါ ခင်လာတာ ကြာလှပြီ၊ တစ်ခါမှတို့ခြံကိုလာမလည်ဖူးဘူး။ အခုလာတော့အံ့သြနေတာ"

"ငါအိမ်မှာနေရတာ စိတ်ထဲမလန်းလို့ သတိုး၊ တစ်နေရာရာကိုသွားချင်တာနဲ့နင့်ကိုလာခေါ်တာ"

မိသဥ္ဇာရဲ့ပုံစံက အရင်လိုတက်တက်ကြွကြွမရှိ။ မျက်နှာလေးညှိုးနေသလို အသားအရေကလည်း ဖြူဖတ်ဖြူလျော်ဖြစ်လို့နေသည်။

"နင် ရောဂါတစ်ခုခုဖြစ်နေလား မိသဥ္ဇာ ဆရာဝန်နဲ့မပြဘူးလား"

"ဟင့်အင်း"

"နင် ဆရာဝန်နဲ့မပြချင်လည်း ငါ့အဘိုးကိုစမ်းသပ်ခိုင်းလိုက်ဟာ၊ သူက ဘယ်လူနာမှမတော့မကုဘူး၊ ငါပြောရင်တော့ရမှာပါ"

မိသဥ္ဇာငြိမ်၍စဉ်းစားနေသည်။ ခဏကြာတော့ —

"ရပါတယ် သတိုးရယ် မပြတော့ပါဘူး။ နင့်ကိုမေးရဦးမယ် နင်ပြောတဲ့ နင့်အမေအုတ်ဂူဆိုတာ ဘယ်နားမှာလဲ"

"ခြံထဲမှာပဲ မိသဥ္ဇာ ... နင်ဘာလုပ်မလို့လဲ"

"ကြည့်ချင်လို့ပေါ့ သတိုးရဲ့"

သတိုး မိသဥ္ဇာဘေးမှထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး —

"ကြည့်ချင်ရင် ခြံထဲမှာအုတ်ဂူအပျက်တွေက အများကြီး"

"နင်တို့ ဘာလို့မရှင်းတာလဲ"

"ရှင်းတော့လည်း ဘာထူးမှာလဲဟာ ဘာမှလုပ်တာမှမဟုတ်တာ လာငါပြမယ်"





သတိုးက ခြံခြေရင်းဘက်တွင်ရှိသော အပင်ကြီးနှစ်ပင်ခြား၌ရှိသော မြေပုံကုန်းမြင့်မြင့်ရှိရာသို့ခေါ်လာသည်။

"ငါ့အမေကို သင်္ဂြိုဟ်ခဲ့တာ ဒီနေရာပဲ မိသဥ္ဇာ ... ငါမွေးပြီးပြီးချင်း အမေဆုံးတာဆိုတော့ ငါလည်းသိတာမဟုတ်ဘူး အဘိုးပြောပြလို့သိတာ"

"အုတ်ဂူလည်းမဟုတ်ဘူး"

"အုတ်ဂူလုပ်ဖို့လွယ်တာမှမဟုတ်တာ မိသဥ္ဇာရယ်၊ ငါလည်းစဉ်းစားပါတယ်၊ တစ်နေ့ငါတတ်နိုင်ရင် အမေ့ကိုအုတ်ဂူလုပ်ပေးမယ်လို့"

"ငါကတော့သေရင် အုတ်ဂူနဲ့လှလှပပသေမယ်၊ ဒါမှလူတွေက မိသဥ္ဇာရဲ့အုတ်ဂူလေးကလှလိုက်တာလို့ လူတွေကပြောကြမယ်လေ"

သတိုးက မိသဥ္ဇာကို တအံ့တသြကြည့်လိုက်သည်။

"ပေါက်ကရတွေ ဘာလို့ပြောတာလဲ မိသဥ္ဇာ"

"ငါတကယ်ပြောတာ သတိုး၊ အဲဒီအခါကျရင် နင်လည်းငါ့ဆီလာမနော်"

"တော်တော့ မိသဥ္ဇာ အဓိပ္ပါယ်မရှိတာတွေပြောမနေနဲ့"

သတိုးက မိသဥ္ဇာကိုအော်လိုက်ရာ မိသဥ္ဇာရဲ့ခေါင်းလေးငုံ့လို့သွားသည်။

ပြီးတော့ — နှစ်ယောက်သား ဘာစကားတစ်ခွန်းမှမပြောဖြစ်ကြဘဲ အိမ်မည်းကြီးရှေ့သို့ပြန်လျှောက်လာသည်။

မိသဥ္ဇာက တန်းလျားလေးမှာပြန်ထိုင်ပြီး —

"ငါ့ကို တယောထိုးပြပါလားသတိုး။ နင့်တယောထိုးတဲ့ အသံကို ငါ နားထောင်ချင်တယ်"

"အေး ..."

သတိုးက အိမ်ထဲသို့ဝင်ပြီး တယောကိုယူကာပြန်ထွက်လာသည်။

ပြီးနောက် — မိသဥ္ဇာဘေးမှာထိုင်၍ တယောကိုအသံညှိလိုက်သည်။

"တယောသံက နားမထောင်တတ်ရင် အရမ်းပျင်းဖို့ကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



မိသဇ္ဈာ၊ နားထောင်တတ်ရင်တော့ သံစဉ်ရပ်သွားမှာတောင် စိုးရိမ်ကြတယ်''

''ရပါတယ်ဟာ ... နင်ဘယ်လိုသံစဉ်ကိုပဲထိုးထိုး ငါနားထောင်မယ်''

''အေး''

သတိုးက တယောကိုစတင်ထိုးလိုက်သည်။ မိသဇ္ဈာက တယောသံစဉ်ကို စိတ်ပါလက်ပါနားထောင်ရင်း တဖြည်းဖြည်းမျက်လုံးမှေးစင်းလာကာ သူ့ခေါင်းကိုသတိုး၏ ပခုံးပေါ်သို့တင်ထားလိုက်သည်။

သတိုးက သတိထားမိပေမယ့် တယောသံစဉ်အတက်အကျမှန်ကန်စွာထိုးရင်း သံစဉ်ဆုံးတော့ တယောကိုရပ်လိုက်သည်။

''မိသဇ္ဈာ ... ဟဲ့ မိသဇ္ဈာ ... ''

မိသဇ္ဈာကမလှုပ် သတိုးက စိုးရိမ်သွားပြီး ...

''အဘိုးရေ ... အဘိုး''

''ဟေ''

သူ့အဘိုးကိုလှမ်းခေါ်လိုက်ရာ သိပ်မကြာခင်ပဲ သူ့အဘိုးကရောက်လို့လာသည်။

''လူလေး ... ကလေးမဘာဖြစ်တာလဲ''

''မသိဘူးအဘိုး တယောသံနားထောင်နေရင်း ခေါ်မရဖြစ်သွားတာ''

သတိုးက မိသဇ္ဈာကိုပွေ့ထားရင်း ပြောလိုက်၏။ ဦးဘညိုကမိသဇ္ဈာလက်ကောက်ဝတ်ကိုစမ်းလိုက်ပြီး ...

''လူလေးကလေးမက ကျန်းမာရေးသိပ်မကောင်းဘူး သွေးအားတအားနည်းနေတယ် ... သူ့နှလုံးခုန်အားအရမ်းနှေးနေတယ်''

''ဘယ် ... ဘယ်လိုလုပ်မလဲအဘိုး''

''အခုတော့ ဘာပြဿနာမှမရှိပါဘူး၊ အဘရှူဆေးသွားယူလိုက်ဦးမယ် သတိရလာမှာပါ''

ဦးဘညိုက ရှူဆေးသွားယူကာ မိသဇ္ဈာရဲ့နှာခေါင်းဝတွင် တေ့ပေးလိုက်





ရာ သိပ်မကြာခင်မှာပဲ မိသဇ္ဈာမျက်လုံးဖွင့်ကာသတိပြန်ရလာသည်။

''မိသဇ္ဈာ ... နင်ဘယ်လိုဖြစ်တာလဲ''

''ငါခေါင်းတွေအရမ်းမူးတာပဲသတိုးရယ်၊ ဘယ်လိုဖြစ်သွားမှန်းတောင်မသိဘူး''

မိသဇ္ဈာကသတိုးပွေ့ထားရာမှထ၍ ပြောလိုက်သည်။

''နင် ... ဆရာဝန်နဲ့သေချာပြမိသဇ္ဈာရယ် ... ငါစိတ်ပူလိုက်တာဟာအဘိုးကတော့ပြောတယ် နင့်နှလုံးခုန်တာ အရမ်းနှေးနေတယ်တဲ့''

''နှလုံးခုန်တာအရမ်းနှေးနေတယ် ဟုတ်လားသတိုး''

''ဟုတ်တယ်မိသဇ္ဈာ''

မိသဇ္ဈာကဘာမှဆက်မပြော သတိုးကိုသာစိုက်ကြည့်နေသည်။

''နင်ဘာမှမဖြစ်ပါနဲ့ မိသဇ္ဈာရယ် နင်သာတစ်ခုခုဆို ... ''

သတိုးရဲ့စကားသံကရပ်လို့သွားသည်။ မိသဇ္ဈာက ...

''ဆက်ပြောလေသတိုး ငါတစ်ခုခုဆို ... ''

'' ... ''

သတိုးကဘာမှဆက်မပြော စထွေးကိုမျိုချလိုက်သည်။ မိသဇ္ဈာကိုသူမပြောရက် သူလိုလူတစ်ယောက်နဲ့ မိသဇ္ဈာရဲ့ဘဝဟာ ထိုက်တန်ပါ့မလား ...

ရင်ထဲကစကားတို့က အပြင်သို့ရောက်မလာခဲ့မိသဇ္ဈာက မတ်တတ်ထရပ်၍ ...

''ကဲ ... ငါပြန်တော့မယ်သတိုး''

''နင်ဆိုင်ကယ်စီးနိုင်ပါ့မလား ငါလိုက်ပို့ပေးမယ်လေ''

''ရပါတယ်ထိန်းစီးပြီးပြန်မှာပေါ့ ... ''

သတိုးကမိသဇ္ဈာကို ခြံဝအထိလိုက်ပို့ပေးလိုက်သည်။ မိသဇ္ဈာကဆိုင်ကယ်ပေါ်တက်၍ စက်နှိုးရင်း ...

''ငါ့ဘဝမှာအဖြစ်ချင်ဆုံး ဆန္ဒနှစ်ခုရှိတယ်သတိုး ... တစ်ခုကနင်ထိုးတဲ့တယောသံကိုအမြဲနားထောင်ချင်တယ် ... နောက်တစ်ခုက ... ''



www.burmeseclassic.com

www.burmeseclassic.com



မိသဇ္ဈာကစကားကို မဆက်သေးဘဲ ရပ်ထားလိုက်သည်။ သတိုးက

"ပြောလေမိသဇ္ဈာ ..."

မိသဇ္ဈာကသတိုးရဲ့ မျက်နှာကိုမကြည့်ပဲ ...

"နင့်ရင်ထဲကအပြောချင်ဆုံးစကားကို ငါနားထောင်ချင်တယ်"

"ဪ ..."

"ဟင်"

မိသဇ္ဈာကပြော၍ ဆိုင်ကယ်ကိုမောင်းထွက်သွားရာ သတိုးလည်းခြံဝမှာ မတ်တတ်ရပ်ကာကျန်ခဲ့သည်။

ရင်ထဲမှာတော့ ...

"ငါလည်းငါ့ရင်ထဲရှိတာကို နင့်ကိုသိပ်ပြောချင်ပါတယ် မိသဇ္ဈာရယ် ဒါပေမဲ့ ..."

ခေါင်းကိုအောက်သို့ စိုက်ကာခြံထဲသို့ပြန်ဝင်လာခဲ့တော့သည်။



စိုးရိမ်ပူပန်သည့် စိတ်တို့က
မိသဇ္ဈာဘာဖြစ်နေတာလည်း သိချင်တာကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)
## စာပေးရှိုတ်ဂါ

ကျောင်းတက်ချိန်ရောက်ခါနီးရင် ကျောင်းဝကနေသတိုးတစ်ယောက် မိသဉ္ဇာကိုမျှော်နေမိသည်။

ဒီနေ့နဲ့ဆိုမိသဉ္ဇာကျောင်းမလာတာ သုံးရက်တောင်ရှိနေလေပြီ _

"ဒေါင် ... ဒေါင် ... ဒေါင်"

"လာပါသတိုးရယ် ကျောင်းတက်ခေါင်းလောင်းတောင်ထိုးနေပြီ ကျောင်းထဲဝင်ရအောင်"

ဝေလင်းက သတိုးရဲ့ ပခုံးကိုဖက်ကာပြောတော့ သတိုးက ...

"မိသဉ္ဇာ တစ်ခါတလေ ကျောင်းနောက်ကျတတ်တယ် ဝေလင်း၊ မင်းကျောင်းထဲဝင်ချင်ဝင်နှင့်လေ"

"ရပါတယ်ကွာ"

ဝေလင်းက သတိုးတစ်ယောက်တည်းကျန်ခဲ့မှာတော့ သူမထားခဲ့နိုင်။ အချစ်ဆုံးသူငယ်ချင်းတွေပဲမလား။

"ပြီးခဲ့တဲ့ကျောင်းပိတ်ရက်က သူ ငါ့ဆီလာတယ်ဝေလင်း၊ သူကြည့်ရတာနေမကောင်းဘူးနဲ့တူတယ်၊ ငါ့ပေါ်မှာသတိလစ်သွားတယ် ဘာရောဂါဖြစ်





တာလည်းမေးတော့မဖြေဘူး"

"မိသဉ္ဇာ အရင်လိုတက်တက်ကြွကြွမရှိတာတော့အမှန်ပဲ သတိုး"

"ငါစိတ်ပူတယ်ကွာ သူ့အိမ်လိုက်ပြီး သတင်းမေးရင်ကောင်းမလားမသိဘူး"

"ဖြစ်ပါ့မလား သူ့အစ်ကိုက မင်းကိုသိပ်ကြည့်ပုံမရဘူး၊ လမ်းမှာ မင်းကိုတွေ့ရင်တောင် ဘုကြည့်ကြည့်သွားတာ"

"အင်း"

မိသဉ္ဇာရဲ့ အစ်ကိုက သူ့ကိုဘာယ်လိုကြောင့်ရယ်မသိ မြင်တာနှင့် မလိုလားတဲ့ အကြည့်တွေကြည့်ကာနေသည်။

"ဝေလင်း မင်းကျောင်းထဲဝင်တော့လေ"

"မင်းလည်းဝင်လေ မိသဉ္ဇာမလာလောက်တော့ပါဘူး ကျောင်းလွှတ်မှ တို့တွေ သူတို့အိမ်နားသွားတာပေါ့ သူတို့ခြံစောင့်တဲ့ ကိုစောဦးနဲ့ငါနဲ့ရင်းနှီးတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် _ သူ့ကိုမိသဉ္ဇာအကြောင်းမေးကြည့်ရင်ရမှာပါ မင်းပြောချင်တာတွေကိုစာနဲ့ရေးချင်ရေးထား ငါ ကိုစောဦးကိုပေးကြည့်နိုင်းမယ်"

"အေး _ မင်းပြောသလိုမဆိုးဘူး ဝေလင်း ကျေးဇူးတင်တယ်ကွာ"

သတိုးရဲ့စိတ်ဓာတ်တွေတက်ကြွလို့သွားသည်။ ဝေလင်းနှင့်အတူကျောင်းထဲသို့ဝင်လာခဲ့၏။

အတန်းထဲရောက်တော့ စာသင်ရတာစိတ်မပါ မိသဉ္ဇာဆီသို့သာ စိတ်က ရောက်နေသည်။ မိသဉ္ဇာကိုပေးဖို့စာကိုလည်းရေးနေမိ၏။

အတန်းချိန်ကလည်း မြန်မြန်ကုန်စေချင်သော်လည်း မကုန်နိုင်။ စိတ်က သာလောနေမိသည်။

"သဉ္ဇာကျောင်းပြောင်းသွားပြီလားမသိဘူးနော် သတိုး"

ဆရာမဝင်သည့်အတန်းချိန်မှာ ဝင်းပပက သူ့ခုံနားသို့လာကာမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောင်းပါဘူး နင်ကဘယ်လိုထင်လို့လဲ"

"သဥ္စာက ကျောင်းကိုတစ်ခါမှဒီလောက်ပျက်တာမှမဟုတ်တာ ကျောင်းပြောင်းလို့သာမလာတော့တာနေမှာပေါ့"

မိသဥ္စာကို ဝင်းပပက အမြဲတမ်းပြိုင်ဘက်တစ်ယောက်လိုသဘောထားသည်။ အထူးသဖြင့် သတိုးပေါ်မှာဆို ပို၍ဆိုးသည်။

မိသဥ္စာအလွန်သံယောဇဉ်ကြီးသောသတိုးကို ဝင်းပပကလည်း သံယောဇဉ် ကြီးသလိုနဲ့လိုက်၍ဂရုစိုက်ပြသည်။

မိသဥ္စာမကြိုက်မှန်းသိလျှင် ပို၍သတိုးနှင့်ရောပြသည်။

"ဒါ ကျောင်းလွှတ်ရင် ဝေလင်းနဲ့ မိသဥ္စာတို့အိမ်သွားမှာ"

"ဘာသွားလုပ်မှာလဲ"

"မိသဥ္စာဘာဖြစ်လဲသိချင်လို့ပေါ့ ဝင်းပရယ်"

"နင်ကသာ သိချင်နေတာ ဟိုကကျောင်းမလာတာ နင့်ကိုလူကြုံနဲ့တောင်အကြောင်းကြားလို့လား"

သတိုးခေါင်းငုံ့ထားလိုက်သည်။ ဝင်းပပကိုဘာမှပြန်မပြောတော့ ... သူက မိသဥ္စာကိုနားလည်သည်။ မိသဥ္စာကလည်း သူ့ကိုနားလည်မှာပဲဟုတွေးမိ၏။

ဝင်းပပလည်း သတိုးကဘာစကားမှမပြောတော့သဖြင့် သူ့နေရာဆီသို့ထွက်သွားတော့သည်။

၀ ⁂ ၀



မြို့လေးတစ်မြို့ထဲမှာပင် အခြေအနေချင်းကမတူကြ။ မိသဥ္စာတို့နေတဲ့ရပ်ကွက်က ချမ်းသာတဲ့လူတွေနေတာကြောင့် ခြံဝင်းနှင့်တိုက်ကြီးများကို သူ့ထက်ငါအပြိုင် အခမ်းတနားဆောက်ထားကြသည်။

အဝင်လမ်းများကလည်း ကွန်ကရစ်လမ်းများဖြစ်သလိုခြံကြီးများကလည်း အလွန်ကျယ်လှ၏။

"ဟိုရှေ့က ခြံထင်တယ် သတိုး"

"အေး ... ဟုတ်တယ်"

ခြံရှေ့သို့ရောက်သောအခါ အုတ်တံတိုင်းများကာရံထားပြီး အဝင်တံခါးမှာ သံပန်းတံခါးအနက်ကြီးဖြစ်သည်။

"အထဲကိုလည်း မမြင်ရဘူး၊ ဘယ်လိုလုပ်မလဲဝေလင်း"

"နေဦးက တံခါးဘေးကအုတ်တိုင်မှာ ခလုတ်လေးတစ်ခုတွေ့တယ် လူခေါ်ဘဲလ်နဲ့တူတယ် ငါနှိပ်ကြည့်လိုက်မယ်"

"အေး"

ဝေလင်းက ခလုတ်လေးကို ဖိ၍နှိပ်လိုက်ရာသိပ်မကြာခင်မှာပဲ ခြံတံခါးအနည်းငယ်ဟလို့လာကာ အထဲမှအသက်လေးဆယ်ကျော် လူကြီးတစ်ဦးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဝေလင်းပါလား ဘာလုပ်မလို့လဲ"

"ကိုစောဦး ဒါ ကျွန်တော့်သူငယ်ချင်းသတိုး ... မိသဥ္စာနဲ့လည်း သူငယ်ချင်းတွေ"

"အေး ... "

"မိသဥ္စာ ဘာလို့ကျောင်းမလာတာလဲ သိချင်လို့"

ကိုစောဦးခေါင်းကိုကုပ်ကာစဉ်းစားနေသည်။ ပြီးမှ ...

"ငါလည်း သေချာမသိဘူး၊ ကောင်မလေးနေမကောင်းဘူးနဲ့တူတယ်၊ ညနေပိုင်းဆို ဆရာဝန်လာကြည့်တယ်ကွ"

"ဘာဖြစ်တယ်လို့ကြားလဲအစ်ကို"

သတိုးကဝင်၍မေးလိုက်သည်။ ကိုစောဦးက ...

"ငါလည်းသေချာမသိဘူး"

"ဟာ ... ကိုစောဦးကလည်း သေချာမသိဘူးဆိုတာချည်းပဲ"

"တကယ်မသိလို့ပါကွာ"

အပြစ်တင်စွာပြောသည့်ဝေလင်းကို ကိုစောဦးကဖြေလိုက်၏။

"ကိုစောဦး မိသဥ္စာနဲ့ရင်းနှီးလား"

"ရင်းရင်းနှီးနှီးကြီးတော့မဟုတ်ပါဘူး ဘာကိစ္စရှိလို့လဲ"

"စာတစ်စောင်လောက်ပေးပေးပါလား"

"ဟာ ... မလုပ်နဲ့ဝေလင်း သူ့အစ်ကိုကမလွယ်ဘူး၊ သူညီမကိုတအားချစ်တာ ငါအလုပ်ပြုတ်သွားပါ့မယ်ကွာ"

ကိုစောဦးက ပျာပျာသလဲငြင်းလိုက်သည်။ ဝေလင်းကလည်း ကိုစောဦးရဲ့အထာကိုသိတာကြောင့် ...

"ခင်ဗျားအလုပ်ကပြန်ရင် ရှင်ပိုင်းဆိုင်မှာတစ်ဝတိုက်မယ်ဗျာ ကူညီပါ"

"ဟို ... ငါ ... "

ကိုစောဦး စဉ်းစားသွားသည်။ ခဏကြာတော့ ...

"ထမင်းချက်ဒေါ်အေးကို အကူအညီတောင်းကြည့်မယ်ကွာ၊ ရည်းစား





စာတော့မဟုတ်ဘူးမလား"

"မဟုတ်ပါဘူး အစ်ကို"

သတိုး သွက်လက်စွာဝင်ပြောလိုက်သည်။

"ဒီလိုဆို မြန်မြန်ပေးခဲ့"

သတိုး အင်္ကျီအိတ်ထဲက စာခေါက်လေးကို ကိုစောဦးလက်ထဲသို့ ထည့်ပေးလိုက်ရာ ကိုစောဦးကခြံထဲသို့ပြန်ဝင်ပြီး တံခါးကိုပိတ်လိုက်သည်။

"ပြန်ရအောင် သတိုး"

အိမ်ကြီးဆီသို့မျှော်ကြည့်သည့် သတိုးကို ဝေလင်းကပခုံးဖက်ကာခေါ်လာခဲ့သည်။

သတိုးရဲ့ခြေလှမ်းတွေက လေးကွေးစွာနှင့်လှမ်းလာခဲ့တော့သည်။

O ⁂ O



www.burmeseclassic.com

www.burmeseclassic.com

တမလွန်စီရင်ချက်ထဲမှာ
နင်နဲ့ငါပတ်သက်ခဲ့ကြတယ်ဆိုတာ ...
ပြောပြချင်တယ် ...

## အခန်း(၉)

## သွေးလို့နေသူ

ဒေါ်အေးလာပေးသည့် စာရွက်ခေါက်လေးကို မိသဉ္ဇာအကြိမ်ကြိမ်ဖတ်ရင်း ပီတိဖြစ်မိသည်။

မိသဉ္ဇာ...

နင်နေမကောင်းဘူးလား နင်ကျောင်းမလာတော့ ငါအရမ်းသတိရတာပဲ၊ နင်မရှိဘဲကျောင်းတက်ရတာ ပျင်းခြောက်ခြောက်ကြီး ဘယ်နေ့ကျောင်းပြန်တက်မှာလဲ ဟင် ?

စာမေးပွဲနားနီးလာပြီ၊ နင်ကျောင်းမတက်တဲ့ရက်တွေက စာတွေငါကူးပေးထားတယ်...

နင်မရှိရင် ငါမနေတတ်တော့ဘူး မိသဉ္ဇာရယ်...

နင့်ကိုအရမ်းသတိရတာပဲ...

ကျောင်းမြန်မြန်ပြန်တက်ပါနော်...

သတိုး

စာရွက်လေးကိုပြန်ခေါက်ရင်း ပြုံးလိုက်မိသည်။ သတိုးရဲ့မျက်နှာကိုလည်း မျက်လုံးထဲတွင်မြင်ယောင်လို့လာ၏။

ခိုင်ရင့်အောင်စာပေ

www.burmeseclassic.com

သူ့ရဲ့အလိုကိုအမြဲလိုက်တတ်သည့် သတိုး ...

အရာရာကို အားပေးဖော် သူအနိုင်ယူလျှင်လည်းအမြဲလိုက်လျှော့ပေးတတ်သည့် သတိုးကို သူကလည်းသတိရနေတာပါ။

"ကျွိ ... "

အခန်းတံခါးဖွင့်သံကြားပြီးနောက် အခန်းထဲသို့ကိုကိုဝင်လို့လာသည်။

"ညီမလေး နေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကို ... "

ကိုကိုက သူ့ကိုစိုးရိမ်တဲ့အကြည့်တွေနဲ့ကြည့်ပြီးနောက် ခုတင်ဘေးက ခုံလေးတွင်ဝင်ထိုင်လိုက်သည်။

"ဒေါက်တာ ကျော်ဦးကတော့ပြောတယ်၊ ရန်ကုန်ကသူ့မိတ်ဆွေဆရာဝန်တွေဆီ ရိုးတွင်းခြင်ဆီရဖို့အကြောင်းကြားထားတယ်တဲ့"

"အင်း"

ကိုကိုက နှစ်သိမ့်စကားဆိုမှန်း မိသဇ္ဇာသိသည်။ ရိုးတွင်းခြင်ဆီရဖို့ ဆိုတာ လွယ်တာမှမဟုတ်တာ ...

"ကိုကိုလည်းကြိုးစားနေတယ်၊ ညီမလေး ဘာမှအားမငယ်နဲ့နော်၊ နိုင်ငံခြားမှာသွားကုရမယ်ဆိုရင်တောင် ကုချင်တာ"

"ရပါတယ် ကိုကိုရယ်၊ အရာအားလုံးကို ကံတရားလို့ပဲသဘောထားပါတယ်"

ကိုကိုက ခေါင်းကိုအောက်သို့စိုက်ကာခါလိုက်သည်။ သူ့သိပ်ချစ်တဲ့ ညီမလေးမှာ ကုမရတဲ့ဝေဒနာဆိုးကြီးဖြစ်ရတယ်လေ ...

ခုချိန်ထိ ရည်းစားမထား အိမ်ထောင်ပြုဖို့ဆိုတာဝေလာဝေးလို့ တစ်ဦးတည်းသော ညီမလေးအရာရာပြည့်စုံအောင် အလုပ်ကိုပဲကြိုးစားလုပ်ခဲ့သည်။

သူ့ညီမလေးကို သူဖြစ်စေချင်တာကလူနာတွေရဲ့အသက်ကိုကယ်တင်နိုင်မည့် ဆရာဝန်တစ်ယောက် ...

အခုတော့ ...





ညီမလေးကိုယ်တိုင်က ဘယ်ဆရာဝန်မှမကယ်နိုင်သည့် ဝေဒနာသည် မလေး ...

"ကိုကို"

"ဟင်"

မိသဇ္ဇာရဲ့ လေသံလေးကိုကြားမှ အတွေးလွန်နေရာမှမော့ကြည့်လိုက်သည်။

"ညီမလေး မနက်ဖြန်ကျောင်းပြန်တက်ချင်တယ် ကိုကို"

"ဖြစ်ပါ့မလား ညီမလေးရယ် သွေးသွင်းထားတာ သိပ်မှမကြာသေးတာ ကျောင်းမှာမူးလဲသွားဦးမယ်"

"ကိုကို"

မိသဇ္ဇာ ကိုကို့ကို လေသံတိုးတိုးလေးနှင့်အားယူ၍လှမ်းခေါ်လိုက်သည်။

"ပြောလေ ညီမလေး"

"ညီမလေးက မျှော်လင့်ချက်မဲ့နေတဲ့ လူတစ်ယောက်ပါကိုကို၊ ညီမလေး လူ့လောကမှာနေထိုင်ခွင့်ရတဲ့အချိန်လေးမှာ စိတ်ချမ်းချမ်းသာသာနဲ့နေချင်တယ်"

"ညီမလေးရယ် ... "

"ညီမလေး ဆယ်တန်းစာမေးပွဲကိုဖြေသွားချင်တယ်၊ ပြီးတော့ ညီမလေးရဲ့ ရောဂါကို ကိုကိုရယ် ဒေါက်တာကျော်ဦးရယ်ကလွဲရင် ဘယ်သူ့ကိုမှမသိစေချင်ဘူး ...

လူ့လောက,ကညီမလေးထွက်သွားရင် တိတ်တိတ်လေးပဲထွက်သွားချင်တယ်၊ ဘယ်သူ့ကိုမှကြိုပြီးစိတ်မဆင်းရဲစေချင်ဘူး"

"အင်း"

ကိုကိုခေါင်းညိတ်၍ အဖြေပေးလိုက်တော့ မိသဇ္ဇာက မျက်ရည်ဝေ့ကြားကပြုံးလိုက်သည်။

"ကိုကို ညီမလေးပေါ်မှာတာဝန်ကျေပါတယ်၊ ညီမလေးသေသော် ကိုကို့ကိုပြန်ပြီးကျေးဇူးမဆပ်နိုင် ... "



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ညီမလေး ညီမလေးဆီက ကိုကိုလိုချင်တာ တစ်သက်လုံးတို့မောင်နှမ ပျော်ပျော်ရွှင်ရွှင်နေသွားဖို့ပဲ"

"ကိုကိုရယ် ... "

ကိုကို့ရဲ့ စေတနာမေတ္တာတွေကို သိရပြန်တော့ မိသဉ္ဇာ မျက်ရည်ကျရပြန်ပါပြီ ...

ထိုစဉ် ...

"ဟင်"

"ဘာ ... ဘာလဲ ညီမလေး"

မိသဉ္ဇာ မျက်လုံးလေးဝိုင်းကာ နားစွင့်လိုက်သည်။

"တ ... တယောသံကြားတယ် ကိုကို"

ကိုကိုလည်း နားစွင့်လိုက်သည်။ ပြီးတော့ ...

"ဟုတ်တယ် ညီမလေး"

"သတိုးရဲ့လက်သံပဲ"

"တစ်ယောက်ယောက်ထိုးတာနေမှာပါ ညီမလေးရယ်၊ ဒီလောက်ညဉ့်နက်နေမှ သတိုးက ဘယ်လိုလုပ် ဒီအိမ်နားကိုလာထိုးမလဲ"

"မဟုတ်ဘူး ကိုကို၊ ညီမလေးသိတယ် အခုလိုသံစဉ်မျိုး သတိုးထိုးနေကြ"

ကိုကိုက ဘာမှမပြောတော့ဘဲ ခေါင်းရမ်း၍ မတ်တတ်ရပ်လိုက်သည်။

"ညဉ့်နက်နေပြီညီမလေး အေးလည်းအေးတယ်၊ မနက်ကျောင်းတက်မယ်ဆို အိပ်တော့နော်"

"ဟုတ်ကဲ့"

ကိုကို့ကို မိသဉ္ဇာခေါင်းညိတ်ပြလိုက်သည်။ ကိုကိုက အခန်းထဲကထွက်သွားပြီး အခန်းတံခါးကိုပြန်ပိတ်ခဲ့၏။

မိသဉ္ဇာ အိပ်မပျော်သေးပါ။

ခုတင်ပေါ်မှဆင်း၍ ပြတင်းပေါက်နားသို့လျှောက်လာကာ တံခါးကို





ဖွင့်၍ တယောသံလာရာကိုနားထောင်လိုက်သည်။ အပြင်မှာတော့ နှင်းတွေဝေဝါးစွာကျလို့နေသည်။

သတိုးရယ် ...

အခုလိုညတွေ ဘယ်နှစ်ညလောက်ငါပိုင်ခွင့်ရပါတော့မလဲ။ ဖြစ်နိုင်ရင်နှင့်ဘေးမှာထိုင်ပြီး နှင်ထိုးတဲ့တယောသံစဉ်တွေကို အမြဲနားထောင်ခွင့်ရချင်တာပါ။

ကံတရားက ငါ့ကိုရှင်သန်ခွင့်ကြာကြာမပေးတော့ဘူး သတိုး။ ဟောဒီကောင်းကင်က ကြယ်တွေရယ် နှင်ရယ် လောကကြီးရယ်ကို ငါထားခဲ့ရတော့မှာလေ ...

ဒါပေမယ့်လည်းဟာ တစ်နေ့နေ့မှာပြန်ဆုံခွင့်ရခဲ့မယ်ဆိုရင် ငါလေနှင်နဲ့ပြန်ဆုံချင်ပါတယ် ...

ငါ့ရဲ့နောက်ဆုံးချိန်ထိ နှင့်ဆီကမျှော်လင့်တာကိုကြားသွားချင်ပါတယ်။

ဘာလို့လဲဆိုတော့ ...

တမလွန်စီရင်ချက်မှာ နှင်နဲ့ငါဆုံခဲ့ဖူးတယ်ဆိုတာကိုပြောပြချင်လို့ပါ

နှင်းတွေအရမ်းကျနေတယ် သတိုးရယ် ...

○ ⁂ ○



www.burmeseclassic.com

www.burmeseclassic.com

မိသဇ္ဈာတို့ ခြံရှေ့တံခါးအုတ်ခုံဖြူဖြူလေးပေါ်မှာထိုင်ရင်း မိသဇ္ဈာကို ထိုးပြနေကြ တယောသံစဉ်ကို သတိုးထိုးလို့နေသည်။ ဆောင်းနှင်းတွေထုထဲစွာ ကျနေသော်လည်း အေးမြခြင်းကိုမမှုနိုင် ... သူ့ဆီသို့ မိသဇ္ဈာလာလည်သည့်နေ့က နွမ်းနယ်နေသည့်မျက်နှာလေးကို မျက်လုံးထဲကမထွက်နိုင်ဖြစ်မိသည်။

တယောသံစဉ်တို့ တစ်ပုဒ်ပြီးတစ်ပုဒ်ပြီးဆုံးလို့သွားသည်။

ဒီသံစဉ်ကို မိသဇ္ဈာတစ်ယောက်ကြားရဲ့လား ...

ထိုစဉ် ...

"ဟင်"

ခြံတံခါးဖွင့်သံကြား၍ကြည့်လိုက်ရာ ဂျာကင်အနွေးထည်အနက်ခေါင်းစွပ်ကိုဝတ်ထားပြီး ဘောင်းဘီရှည်မှုမှုကိုဝတ်ထားသည့် လူတစ်ဦးခြံပြင်သို့ထွက်လာသည်။

သတိုးနားသို့ရောက်လာပြီး ကြည့်လိုက်တော့ မိသဇ္ဈာ၏ကိုကို။

သတိုး တယောထိုးနေရာမှရပ်လိုက်သည်။

"ငါ မင်းကိုပြောစရာရှိတယ်"

သတိုးဘေးနားမှာထိုင်ပြီးပြော၏။ သတိုးက တယောကိုဘေးသို့ချလိုက်သည်။





"ဘာပြောမှာလဲ အစ်ကို"

"ငါ့ ညီမ ကျန်းမာရေးမကောင်းဘူး မင်းသိလား"

"ဟုတ်ကဲ့"

"အေးကွာ ငါသူ့ကိုစိတ်ချမ်းသာစေချင်တယ်"

"ကျွန်တော်ဘာလုပ်ပေးရမလဲ အစ်ကို"

မိသဇ္ဈာအစ်ကိုကခေါင်းကိုတညိတ်ညိတ်လုပ်ရင်း ...

"သူ မနက်ဖြန်ကျောင်းတက်လိမ့်မယ်၊ တတ်နိုင်သမျှသူ့ကို မင်းကူညီလိုက်ပါ တစ်ခုခုဖြစ်ရင် ငါ့ဆီကိုချက်ချင်းအကြောင်းကြားလိုက်ပါ"

"မိသဇ္ဈာရောဂါက ... "

"ငါ မပြောနိုင်သေးဘူး၊ မင်းငါပြောသလိုလုပ်ပါ တစ်ခုတော့ရှိတယ် ငါ့ညီမ ခံစားရမယ့်အလုပ်မျိုး ဘယ်တော့မှမလုပ်ပါနဲ့"

"ဗျာ"

သတိုးက မိသဇ္ဈာ အစ်ကိုကိုမော့ကြည့်လိုက်၏။ ပြီးတော့ တယောကိုပိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

"ကျွန်တော်သွားတော့မယ် အစ်ကို"

"အေး ... အေး ... ငါမှာတာတွေမမေ့ပါနဲ့ မိသဇ္ဈာဘဝအေးအေးချမ်းချမ်းရှိစေချင်ရင် ငါပြောသလိုလုပ်ပါ"

"ကျွန်တော်သဘောပေါက်ပါတယ်"

အခုတော့လည်း ... သတိုးရင်ထဲမှာ ခံစားချက်တွေတစ်ပွေ့တစ်ပိုက်ဖြစ်လို့သွားသည်။ မိသဇ္ဈာဆိုတာ ရင်မှာအမြဲသာနေမယ့်လမင်းလေးပါ ...

ဘယ်အချိန်ထိသာနေမှာလဲဆိုတော့ ...

ကမ္ဘာမရပ်တဲ့ထိပေါ့လို့ ...

ငါပြောလိုက်ချင်ပါရဲ့ မိသဇ္ဈာရယ် ...

○ ፨ ○



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာနေကျ လမ်းမကို လှမ်းမျှော်ရင်း
မျှော်နေသူ ရောက်လာမလားဆိုတာ ...

## အခန်း(၁၀)

## မျှော်နေသူရဲ့အရိပ်

သတိုးက ကျောင်းသို့အစောကြီးကြိုရောက်လို့နေသည်။ သူတို့သူငယ်ချင်းတွေထိုင်နေကြ လက်ဖက်ရည်ဆိုင်လေးမှာထိုင်ဖြစ်တော့ လူကရှင်းနေသည်။

မိသဉ္ဇာ ကျောင်းကို ဘယ်တော့မှနောက်မကျတတ်။ မှန်ကိုလည်း ကျောင်းရှေ့ကထိုင်နေကျဆိုင်လေးရောက်မှသာစားသည်။

သတိုးလည်းစိတ်ဓာတ်တတ်ကြွလို့နေ၏။ လက်ဖက်ရည်ဆိုင်ထဲက လမ်းမနှင့်အနီးဆုံးစားပွဲမှာထိုင်ရင်း မိသဉ္ဇာအလာကိုမျှော်၍ကြည့်နေမိသည်။

"ဟာ _ ဟော့ကောင် သတိုးကျောင်းရောက်တာ အစောကြီးပါလား"

"ဝေလင်း လာကွာထိုင်"

ဝေလင်းကဆိုင်ထဲသို့ ဝင်လာပြီး သတိုးထိုင်နေသည့်စားပွဲမှာ ဝင်၍ထိုင်လိုက်သည်။

"မိသဉ္ဇာ ဒီနေ့ကျောင်းတက်လိမ့်မယ်"

"ဟေ _ မင်းဘယ်လိုသိလဲ သတိုး"

သတိုးက ညဘက် မိသဉ္ဇာတို့အိမ်ရှေ့တွင် တယောသွားထိုးရာ၌ မိသဉ္ဇာအစ်ကိုနှင့်တွေ့ခဲ့ပုံကို ဝေလင်းအားပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းက ...

"မိသဥ္ဇာ ဘာရောဂါဖြစ်နေလို့လဲ သတိုး"

"ငါလည်းမသိဘူး၊ ဒါပေမယ့် သူ့အစ်ကိုပြောတာတော့ တစ်ခုခု ထူးခြားနေသလိုပဲ"

"အေးကွာ ‗ မိသဥ္ဇာလာတော့မေးကြည့်ကြတာပေါ့"

ဝေလင်းက လက်ဖက်ရည်တစ်ခွက်မှာကာသောက်နေသည်။ သတိုးကတော့ မိသဥ္ဇာလာမည့်လမ်းကို တမျှော်မျှော်နှင့်ဖြစ်နေသည်။

သိပ်မကြာခင်မှာပဲ မိသဥ္ဇာကဆိုင်ကယ်စီးလာကာ သူတို့နှစ်ယောက်ထိုင်နေသည့် ဆိုင်ရှေ့တွင်ရပ်လိုက်သည်။

"ကျွဲ ... "

"မိသဥ္ဇာ ... "

သတိုးကထိုင်ရာမှထ၍ လှမ်းခေါ်လိုက်သည်။ မိသဥ္ဇာက ဆိုင်ကယ်ပေါ်မှဆင်းပြီး ခပ်နွမ်းနွမ်းအပြုံးလေးတစ်ပွင့်ကို ပြုံးကာဆိုင်ထဲဝင်လာသည်။

ဝေလင်းက ထိုင်ခုံတစ်လုံးကိုဆွဲယူပေးတော့ မိသဥ္ဇာကယူ၍ထိုင်လိုက်၏။

"နင်အရမ်းပိန်သွားတာပဲ မိသဥ္ဇာရယ်"

"အေးဟာ ‗ နေမကောင်းတော့ အိပ်ရေးကပျက် အစားကမဝင်နဲ့ဆိုတော့ နောက်ရက်တွေဆိုပြန်ပြည့်လာမှာပါ"

"နင် ဘာစားမလဲ မိသဥ္ဇာ"

"ဟင့်အင်း ... ဘာမှမစားချင်ပါဘူး"

အစားအသောက်အလွန်မက်သည့် မိသဥ္ဇာက ငြင်းလို့နေသည်။ သတိုးက မိသဥ္ဇာကိုကြည့်၍စိတ်မကောင်း ‗

"ငါ နင့်ကိုအရမ်းသတိရတာပဲ မိသဥ္ဇာ"

"ငါလည်း နင့်ကိုသတိရပါတယ် သတိုးရယ်၊ အိပ်ရာထဲကထမရတော့ ကျောင်းကိုလာလို့မရဘူးလေ"





"ဆရာဝန်ကဘာပြောလဲ"

"ရိုးရိုးရောဂါပါ အချိန်ယူကုရင်ပျောက်သွားမယ်တဲ့ စိတ်ပူစရာမရှိဘူးပြောတာပဲ"

သတိုးက မိသဥ္ဇာပြောတာကို မယုံသလိုကြည့်လိုက်သည်။ ပြီးတော့လေသံအေးအေးဖြင့် ...

"ငါညက နင့်အစ်ကိုနဲ့တွေ့တယ်"

"ဟင် ‗ ကိုကိုနဲ့တွေ့တယ် ဟုတ်လား၊ ကိုကိုနင့်ကိုဘာပြောသေးလဲ"

မိသဥ္ဇာက ပျာပျာသလဲမေးလိုက်သည်။ သတိုးက ‗

"ဘာမှတော့ ထွေထွေထူးထူးမဟုတ်ပါဘူး၊ နင့်ကိုဂရုစိုက်ပေးဖို့ပဲပြောတာပါ"

"ဟင်း"

မိသဥ္ဇာက သက်ပြင်းကိုချလိုက်သည်။

"နင့်အတွက် ငါကူးထားတဲ့စာတွေ"

သတိုးက လွယ်အိတ်ထဲမှစာအုပ်များကိုထုတ်၍ မိသဥ္ဇာကိုပေးလိုက်သည်။

"ကျေးဇူးပဲသတိုး"

"ရပါတယ်ဟာ"

သူတို့နှစ်ယောက်စကားပြောတာကို ဘေးမှာနားထောင်နေသည့်ဝေလင်းက ...

"နင်လာတာမြန်လို့ မိသဥ္ဇာ ‗ သတိုးကြာရင် ကြောင်တောင်တောင်ဖြစ်တော့မှာ"

နောက်လိုက်ရာ သတိုးရှက်ကိုးရှက်ကန်းဖြင့် ...

"ဟေ့ကောင် ဝေလင်း ဘာတွေလျှောက်ပြောနေတာလဲ"

"အမှန်တွေပြောနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မိသဥ္စာကတော့ ပြုံး၍ခေါင်းကိုငုံ့လို့သာနေသည်။ သတိုးက ဝေလင်းနောက်သဖြင့် အနေခက်၍ ကောင်တာသွားကာ လက်ဖက်ရည်ဖိုးရှင်းလိုက်သည်။

"လာ ... ကျောင်းတက်တော့မယ် သွားရအောင်"

"အင်း"

မိသဥ္စာနှင့်အတူ နှစ်ယောက်သားတွဲ၍ဆိုင်ထဲမှထွက်လာခဲ့ကြသည်။

၀ ⁂ ၀



"တစ်ခါတလေ ငါတွေးမိတယ် တကယ်လို့ငါသာ အဝေးတစ်နေရာရောက်သွားရင် အချိန်ကြာလာတာနဲ့ နင်ငါ့ကိုမေ့သွားမှာပဲနော်"

"နင်က အဲဒီလို ထင်လို့လား"

"သဘာဝပဲလေ ငါအပြစ်မတင်ပါဘူး။ အခုလိုအတူရှိနေတဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ကူညီဖေးမဖော်ရရင်ပြီးတာပဲ"

"မိသဥ္စာရယ်"

ကျောင်းကပြန်တဲ့တစ်ရက်မှာ မိသဥ္စာနှင့်နှစ်ယောက်အတူလမ်းလျှောက်လာရင်း စကားစမြည်ပြောဖြစ်ကြသည်။ မိသဥ္စာက အရှင်ရက်တွေထက်စာရင် လန်းလန်းဆန်းဆန်းဖြစ်လို့နေသည်။

"ဝင်းပပ အခုတလောဘယ်လိုဖြစ်နေလဲ မသိဘူးနော်၊ နင့်နားတအားကပ်တာပဲ"

"သူ့သဘောသာဖြစ်နေတာပါ"

"ဝင်းပပက လှတယ်နော် သတိုး"

"မိသဥ္စာ သူလှတာငါနဲ့ဘာဆိုင်လဲ၊ ငါက သူငယ်ချင်းတစ်ယောက်လိုပဲခင်တာ"

မိသဥ္စာက သတိုးကို စချင်တာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ဝင်းပပက နင့်ကိုကြိုက်နေတာသတိုးရဲ့ ငါကမိန်းမချင်းသိတယ်"

"ဟာ — ဘာတွေပြောနေတာလဲဟာ"

"ခစ် ... ခစ်"

နီရဲ၍ ရှက်သွားသည့်သတိုးကိုကြည့်ကာ မိသဥ္ဇာအားရပါးရရယ်လေသည်။

"မိသဥ္ဇာ ငါ့ဘဝမှာမိန်းမတွေနဲ့ပတ်သတ်လာရင် အရင်းနှီးဆုံးကနင်ပဲ ငါ့ကိုနားလည်နိုင်တာ အားပေးတာနင်ပဲလေ နင်ကလွဲလို့ ... "

မိသဥ္ဇာရဲ့လျှောက်နေတဲ့ ခြေလှမ်းတွေရပ်လို့သွားသည်။ သတိုးဘာဆက်ပြောမလဲ သူသိချင်နေသည်လေ —

သို့သော် ...

သတိုးက စကားကိုမဆက် — မျိုသိပ်လိုက်ပုံရ၏။

"နင် ကျောင်းမလာတဲ့ရက်တွေမှာ ငါတွေးမိတာက အရာရာမှာ အားနည်းတဲ့ ငါ့ဘဝကိုသတ္တိတွေရှိလာအောင် နင်အားပေးသံတွေနဲ့အပြီးသာဝေးသွားရင် ငါ့ဘဝကလည်းဘယ်လိုရှေ့ဆက်ရမှန်းတောင်မသိဘူး"

"အိုး — အဲလိုမတွေးနဲ့သတိုး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိစမ်းပါ"

"အေးပါဟာ — နင်ငါ့ဘေးမှာ အမြဲရှိနေပေးပါလို့ ငါမတောင်းဆိုချင်ဘူး၊ ဘာလို့လဲ သိလား"

"ဟင့်အင်း"

မိသဥ္ဇာကခေါင်းလေးကိုခါလိုက်သည်။ သတိုးက —

"ငါလိုလူတစ်ယောက်အတွက် နင့်ကိုအားနာတယ်မိသဥ္ဇာ"

"အားနာတယ် ဟုတ်လား"

မိသဥ္ဇာက စကားလုံးကိုတစ်လုံးချင်းရွတ်လိုက်သည်။

သတိုးက ... ဆက်၍ ...

"ငါ့ဆန္ဒတွေအတွက် ငါအတ္တမကြီးချင်ဘူး မိသဥ္ဇာ၊ အရပ်ကကဲ့ရဲ့နှိမ့်ချတာကိုအမြဲခံရသလို လူတကာရဲ့ဆေးဖော်ကြောဖက် အလုပ်မခံရတဲ့ငါ့ကို





နင်က သူငယ်ချင်းအဖြစ်ပေါင်းတာတောင်လွန်လှပြီ"

"တော်ပြီ သတိုး ဘာမှဆက်မပြောနဲ့၊ ငါ နင့်ကိုဖြစ်စေချင်တာ လူတကာကြည်ညိုလေးစားခံရမယ့် ဆရာဝန်တစ်ယောက်ပဲ၊ နင့်ကြိုးစားမှုနဲ့ အရည်အချင်းကလည်း ဖြစ်နိုင်တာပဲ"

"မိသဥ္ဇာ နင်ကရယ်စရာတွေပြောတော့မယ်၊ ဆရာဝန်ဖြစ်ခွင့်တော့ ငါကြိုးစားလို့ရတယ် ဆရာဝန်ဖြစ်လောက်အောင် ငါအခြေအနေမရှိဘူး"

မိသဥ္ဇာက သူလွယ်အိတ်ကို ပခုံးပြောင်းကာလွယ်လိုက်ပြီး သတိုးအား–

"နင်မပူပါနဲ့ ငါစီစဉ်နိုင်ပါတယ်"

"မိသဥ္ဇာ ငါနင့်ဆီက ဘာမှမလိုချင်တော့ပါဘူး"

"ငါသိတယ် သတိုး၊ နင် ငါ့ဆီကဘာမှမလိုချင်ဘူးဆိုတာကိုသိတယ်၊ ငါကိုယ်တိုင်ကသာ နင်ဘာတောင်းမလဲစောင့်နေခဲ့ရတာ"

မိသဥ္ဇာရဲ့အသံက အနည်းငယ်တုန်လို့နေသည်။ သတိုးကို စူးစူးရဲရဲကြည့်၍ သူတို့အိမ်သို့ဝင်သည့် ရပ်ကွက်လမ်းမအတိုင်းဝင်လို့သွားသည်။

သတိုးကတော့ ခေါင်းကိုငုံ့၍နေရာ၌ စုံရပ်လို့သာကျန်ခဲ့တော့သည်။

ဝ ⸙ ဝ



www.burmeseclassic.com

www.burmeseclassic.com

ဟို ... ဘုတ်ရုပ်ပျက်တွေထဲမှာ ဘလောင်း
တွေရှိတယ် သူတို့က ညဘက်ဆိုထွက်လာပြီး ...

## အခန်း(၁၁)

## တရွှေ့နေတဲ့ခြံ

''ဟယ် ... သတိုး ဒီခြံကနင်တို့ခြံလား''

ဈေးသို့သွားရန်ခြံထဲမှထွက်လာသည့်သတိုးကို ခေါင်းရင်းခြံတွင်ရပ်နေသည့် ဝင်းပပကမေးလိုက်သဖြင့် သတိုးအံ့သြလို့သွားသည်။

''နင် ... ဘယ်လို ... ''

''ဒီခြံကို ငါတို့မိဘတွေဝယ်လိုက်တာလေ ပြီးခဲ့တဲ့လထဲက အိမ်ပြင်ဆောက်နေတာနဲ့ မပြောင်းဖြစ်တာ''

ခေါင်းရင်းခြံထဲမှာရှိသည့် အိမ်ကြီးကိုလက်သမားများ ပြင်ဆောက်နေတာကို အရင်ရက်တွေထဲက သတိုးတွေ့သည်။ ဝင်းပပတို့နေမည်မထင်ခဲ့ ... အခုတော့ ဝင်းပပကသူနှင့်ခြံရင်းခေါင်းရင်း နေ့ဖြစ်ကြသည်။

''ငါက ဒီရပ်ကွက်မှာအဖော်မရှိလို့ ပျင်းနေတာ၊ အခုတော့အတော်ပဲ နင်နဲ့အဖော်ရပြီ''

''အေး''

သတိုးကခေါင်းကို မညိတ်ချင်ညိတ်ချင်ဖြင့်ညိတ်လိုက်သည်။

''အဖေက နင့်အဘိုးကိုသိတယ်ဟ သူလေးစားတဲ့တယောက်ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ အလုပ်အားတဲ့ရက် နင်တို့အဘိုးဆီလာလည်မယ်လို့ပြောနေတာ''

''ငါဈေးသွားလိုက်ဦးမယ်''

''နင် နေ့လယ်အားမလား နင့်ဆီငါလာလည်မယ်လေ''

''အင်း''

သတိုးစကားပြတ်စေရန်ခေါင်းညိတ်ကာ ဝင်းပပရှေ့မှ ထွက်လာခဲ့သည်။

ဝင်းပပက သူ့ကိုအလွန်ရောမှန်းသတိုးသိသည်။

မိသဉ္ဇာရဲ့ကွယ်ရာ ဝင်းပပနဲ့ပို၍တောင် သတိုးမဆက်ဆံချင်တော့-

အခုတော့ ...

တိုက်ဆိုင်စွာပင် အိမ်နီးချင်းလာ၍ဖြစ်နေသည်။

မြေးအဘိုးနှစ်ယောက်တည်းရှိသည့် သူတို့အိမ်မှာ ချက်ပြုတ်ရေးတာဝန်ကိုသတိုးကယူသည်။ အဘိုးက မနက်စာကိုအိမ်မှာစားလေ့မရှိ။ အပြင်က စားလာတာများသည်။

သတိုးကျောင်းပိတ်သည့်ရက်လိုမျိုးမှသာ မြေးအဘိုးနှစ်ဦး ထမင်းလက်ဆုံစားဖြစ်သည်။

''မြေးရေ — ဆယ်တန်းကိုအမှတ်ကောင်းကောင်းနဲ့ အောင်အောင်ကြိုးစားကွာ တက္ကသိုလ်တက်ဖို့တော့မပူနဲ့၊ အဘိုးမှာ စုဆောင်းထားတာတွေရှိတယ်''

''တက္ကသိုလ်တော့မတက်ချင်တော့ပါဘူး အဘိုးရယ်၊ အဘိုးကိုတစ်လှည့်လုပ်ကျွေးချင်ပါတယ်''

''လူလေးကတော့ ပြောတော့မယ်၊ အဘိုးကကျန်းမာတာပဲ လူလေးအလုပ်လုပ်ဖို့မလိုသေးပါဘူး''

အဘိုးကအသက်အရွယ်လေးရလာသော်လည်း ကျန်းမာဖျတ်လတ်လို့နေဆဲ — တယောထိုးသည့်အချိန်မှလွဲ၍ ကျန်အချိန်များမှာခြံထဲရှိ အလုပ်များကိုလုပ်နေလေ့ရှိသည်။





''လူလေး သူငယ်ချင်း ဟိုကလေးမကျန်းမာရေးကောင်းရဲ့လား''

''ကောင်းပါတယ် အဘိုး''

''သူကြည့်ရတာ အဘိုးတော့အားမရဘူး''

''ဗျာ''

အဘိုးက သတိုးကိုမကြည့်ဘဲ ဆက်၍ —

''လူလေးကို ကလေးမက တော်တော်သံယောဇဉ်ကြီးပုံရတယ်''

''ဟုတ်တယ် အဘိုး''

သတိုးက ခေါင်းညိတ်လိုက်၏။

''လူလေးရယ် — သံယောဇဉ်ကြီးတာပူလောင်ရတယ်၊ တတ်နိုင်သမျှဖြေသိမ့်တတ်တဲ့အလေ့အထကိုကျင့်သုံးပါ''

''တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးတာ မကောင်းဘူးအဘိုး''

''အဘိုးအမြင်ပြောရရင် မကောင်းဘူး၊ ဘာလို့လဲဆိုတော့ အဲဒီသံယောဇဉ်ကြောင့်ဖြစ်လာမယ့် အကျိုးဆက်တွေက ပူဆွေးရတာတွေဖြစ်လာမယ် —

ကဲပါလေ — လူလေးလည်း လူလေးအတွေးရှိသလောက်သာတွေးနေပါ အဘိုး ခြံခြေရင်းဘက်က မြက်တွေသွားရှင်းလိုက်ဦးမယ်''

အဘိုးကခြံထဲဆင်းသွားတော့ သတိုးလည်း ကျောင်းစာအုပ်တစ်အုပ်ကို ကျက်ရန် လွယ်အိတ်ထဲမှထုတ်ယူ၍ ခြံထဲသို့ဆင်းလာခဲ့သည်။

သိပ်မကြာခင်မှာပဲ ခြံဝကဝင်းပပရဲ့အသံကိုကြားလိုက်ရသည်။

''သတိုးရေ ... သတိုး''

''ဝင်ခဲ့ ... ဝင်းပပ၊ ငါဒီမှာရှိတယ်''

လက်ပံပင်ကြီးအောက်က ခုံတန်းလျားမှာထိုင်၍ စာဖတ်နေရင်းမှ သတိုးကလှမ်းပြောလိုက်သည်။

ဝင်းပပကခြံထဲသို့ဝင်လာကာ သတိုးနေထိုင်သည့် ခုံတန်းလျားအခန်းမှာဝင်ထိုင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ခြံက အကျယ်ကြီးနော်"

"အေး"

"ကြောက်လည်းကြောက်စရာကြီး အပင်ကြီးတွေများတော့ အုံ့အုံ့ဆိုင်းဆိုင်းနဲ့"

"အဲဒါ နင်နေ့ဘက်ပဲတွေ့သေးလို့ ညဘက်ဆိုပိုကြောက်စရာကောင်းတယ်၊ အရင်ကသင်္ချိုင်းဆိုတော့ သရဲတစ္ဆေတွေရှိတာပေါ့ ဟာ"

သတိုးက ဝင်းပပကိုအမြင်ကတ်ကတ်နှင့်ပြောလိုက်သည်။ ဝင်းပပရဲ့မျက်နှာငယ်လို့သွား၏။

"နင် သရဲအခြောက်ခံဖူးလား"

"ငါက မွေးကတည်းကနေလာတာ ငါ့တော့ဘယ်ခြောက်မလဲ သူတို့မသိတဲ့လူဆိုရင် ..."

"ဟင်"

ဝင်းပပရဲ့မျက်လုံးလေး ဝိုင်းလို့သွားသည်။

"ဟိုမှာတွေ့လား အဲဒါအုတ်ဂူပျက်တွေ အထဲမှာအလောင်းတွေရှိတယ်"

"တကယ် ..."

"ဘာလဲ မယုံလို့လား လာငါလိုက်ပြမယ်"

"ယုံတယ် ငါမကြည့်ရဲဘူး"

ဝင်းပပရဲ့ ကြောက်ရွံ့တဲ့ပုံကိုကြည့်၍ သတိုးရယ်ချင်လာသည်။

"နင် ငါ့ဆီလာရင် စွတ်ပြီးဝင်မလာနဲ့ အသံပေးပြီးလာ၊ ဟိုအကောင်တွေနဲ့တိုးရင် နင်ဒုက္ခရောက်မှာစိုးလို့ပြောတာ"

"အေးပါ"

ဝင်းပပ စကားသံတိတ်သွားသည်။ ပြီးတော့ ကြာကြာဆက်မနေချင်တော့၍လားမသိ တန်းချားပေါ်မှဆင်းကာမတ်တတ်ရပ်ပြီး ...

"သတိုး"

"ဟေ"





"သဥ္စာ ဒီကိုလာလည်ဖူးလားဟင်"

"ဟင်"

ဝင်းပပရဲ့ မထင်မှတ်တဲ့မေးခွန်းကြောင့် သတိုးဘယ်လိုဖြေရမှန်းမသိဖြစ်သွားသည်။

"နင်ဘယ်လိုထင်လဲ ဝင်းပပ"

"သူလာလည်ရင်လည်း နင့်ခြံထဲကအကောင်တွေက သူ့ကိုခြောက်မှာပေါ့နော်"

"မီသဥ္စာကိုတော့မခြောက်ဘူး ဝင်းပပ"

"ဘာလို့လဲ"

"သူက ငါ့ရဲ့အချစ်ဆုံးလေ ..."

ဝင်းပပရဲ့ မျက်နှာပျက်လို့သွားပြီး သတိုးအား ...

"တော်ပြီ ငါသွားတော့မယ်"

"အေး ... အေး"

သရဲထက်ကြောက်ဖို့ကောင်းတဲ့ စကားကိုကြားလိုက်ရသလို ဖြစ်သွားသည့် ဝင်းပပရဲ့ကျောပြင်ကိုကြည့်၍ သတိုးပြုံးလိုက်မိတော့သည်။

ဝ ဿ ဝ



www.burmeseclassic.com

www.burmeseclassic.com

"ဟား ... ဟား"

"အဲဒါနဲ့ ဝင်းပပလည်းပြေးရောဟုတ်လား သတိုး"

သူတို့တစ်ဖွဲ့လုံး သဘောကျစွာရယ်မောပြီး ဝေလင်းက သတိုးကိုမေးလိုက်သည်။

"ငါ သူ့ကိုခြံထဲမှာ လက်ခံစကားပြောလိုက်မယ်ဆိုရင် ခဏခဏလာတော့မယ်လေ အဲဒါကြောင့်ပါးစပ်ထဲရှိတာပြောလိုက်တာ"

"ဝင်းပပကတော့ ခံသွားရပြန်ပြီ"

အောင်နိုင်ကသဘောကျစွာပြောလိုက်သည်။ သူတို့ပြောတာကို ဘာမှဝင်မပြောဘဲငြိမ်နေတာက မိသဉ္ဇာပင်ဖြစ်သည်။

"ဝင်းပပ အခုတလောမင်းကိုပိုကပ်သလိုပဲ သတိုး"

"ဘာကပ်တာလဲ"

"ရောတာကိုပြောတာလေ သူတို့ကအရမ်းရဲတင်းတယ်"

"သူဘာသာ ဘယ်လိုပဲရောရောပါကွာ ငါစိတ်မဝင်စားပါဘူး။ သူငယ်ချင်းမိတ်ဆွေတွေလိုခင်တာပဲကောင်းပါတယ်"

သတိုးပြောနေစဉ် မိသဉ္ဇာကဝင်၍ ...

"လူဆိုတာ တစ်ယောက်တစ်မျိုး ခံစားချက်တွေမတူကြဘူး။ ဝင်းပပက သတိုးကိုသံယောဇဉ်ရှိနေတာပါ"





"တော်တော့ မိသဉ္ဇာ၊ ငါစိတ်မဝင်စားဘူး အခုချိန်မှာ ငါအဖြစ်ချင်ဆုံးဆန္ဒက နင်ကျန်းမာဖို့ပဲ"

သတိုးက သူ့ရင်ထဲရှိတာကို ပြောလိုက်သည်။ သူတို့စကားဝိုင်းလေးကတိတ်ဆိတ်လို့သွားသည်။ အရင်ကဆို မိသဉ္ဇာက သတိုးနဲ့ပတ်သက်လာရင် လုံးဝအထိမခံ အခုတော့ဘယ်လိုဖြစ်တာလဲ တွေးမရဖြစ်လို့နေသည်။

"ကျောင်းတောင်တက်တော့မယ် တို့တွေသွားရအောင်"

"အေး"

မိသဉ္ဇာက စားသောက်ထားသည့်လက်ဖက်ရည်နှင့်မုန့်ဖိုးတို့ကို စားပွဲထိုးလေးအားခေါ်ရှင်းလိုက်သည်။

ဆိုင်ထဲကထွက်တော့ သတိုးနှင့်မိသဉ္ဇာက နောက်မှအတူတွဲလျှောက်လာရင်း မိသဉ္ဇာက ...

"ငါခေါင်းတွေတအားမူးတယ်သတိုးရယ်"

"ဟင် ... နင်ကျောင်းတက်နိုင်ပါ့မလား"

"ရပါတယ်"

မိသဉ္ဇာပုံစံကိုကြည့်ရတာ သတိုးအားမရ အသားအရေက ဖြူဖတ်ဖြူလျော်ဖြစ်နေသည်။

"အရမ်းမူးနေရင် ခွင့်တိုင်လိုက်မယ်လေ ငါအိမ်ကိုလိုက်ပို့ပေးမယ်"

"ငါ ... ကျောင်းတက်ချင်တယ် သတိုး"

"အေးလေ ... နင် မနေနိုင်တော့ရင် ငါ့ကိုပြောပေါ့"

"အေးပါ"

မိသဉ္ဇာ ခေါင်းထဲမိုက်ခနဲ မိုက်ခနဲနှင့်မူးနေတာပါ စိတ်ကိုသာတင်းထားမိ၏။ သူ့အတွက် အချိန်ကာသိပ်ရှိတော့တာမဟုတ်။

ရတဲ့အချိန်လေးမှာ သတိုးနားမှာသူနေချင်သည်လေ ...



www.burmeseclassic.com

www.burmeseclassic.com

တယောသံကိုနားထောင်နေရင်းမှ
တဖြည်းဖြည်းနှင့် ...

## အခန်း(၁၂)

## နောက်ဆုံးနေ့

"ဟာ ... မိသဥ္ဇာ ဘယ်လိုဖြစ်တာလဲ"

အတန်းထဲတွင် ဆရာစာသင်ပြီးထွက်သွားစဉ် မိသဥ္ဇာ၏နှာခေါင်းထဲမှ သွေးများကျလို့လာသည်။

သတိုးကစိတ်ပူစွာဖြင့် မိသဥ္ဇာအနားပြေးကာမေးလိုက်သလို အတန်းထဲက လူများကလည်း မိသဥ္ဇာကိုဝိုင်းအုံလို့နေကြသည်။

"မိသဥ္ဇာ မျက်လုံးထဲမှာလည်းသွေးတွေ"

"ဟုတ်တယ် ဘယ်လိုလုပ်ကြမလဲ"

"ဆရာမကို သွားပြောမှဖြစ်မှာပေါ့"

တစ်ယောက်တစ်မျိုးပြောလို့နေကြသလို တချို့ကဆရာမဆီသို့ပြေးကာ ပြောကြသည်။

မိသဥ္ဇာက ...

"သတိုး ငါ့ကိုအိမ်ပြန်ပို့ပေး"

"အေး ... အေး"

မိသဥ္ဇာ လက်ကိုင်ပဝါတစ်ထည်လုံး သွေးများရွှဲနစ်လို့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ အတန်းပိုင်ဆရာမရောက်လို့လာသည်။

"သဉ္ဇာ ... သမီး ဘာဖြစ်တာလဲ"

"ဆရာမ သမီးကိုအိမ်ပြန်ခွင့်ပြုပါ"

မိသဉ္ဇာရဲ့နှာခေါင်းများ မျက်လုံးများမှထွက်သည့်သွေးများက အဆက်မပြတ်ဖြစ်နေသည်။

"သမီးတစ်ယောက်တည်းပြန်လို့ဖြစ်မှာမဟုတ်ဘူး"

"သတိုးကို လိုက်ပို့ခွင့်ပေးပါဆရာမ"

"အေး _ အေး _ တခြားမိန်းကလေးသူငယ်ချင်းတွေ ခေါ်ချင်ခေါ်သွားလေ"

"ရပါတယ်"

သတိုးက မိသဉ္ဇာလွယ်အိတ်ကို ကောက်လွယ်လိုက်သည်။

"လာ မိသဉ္ဇာသွားရအောင်"

မိသဉ္ဇာလက်မောင်းကို သတိုးကကိုင်၍ အတန်းထဲမှထွက်လာခဲ့သည်။

ကျောင်းရှေ့ဆိုင်ကယ်ထားရာမှာ ဆိုင်ကယ်ကိုထုတ်၍ မိသဉ္ဇာကို ဆိုင်ကယ်နောက်ခုံမှာတင်လိုက်သည်။

"မိသဉ္ဇာ ငါ့ကျောကိုမှီထား"

"အင်း"

သတိုးက ဆိုင်ကယ်ကိုမောင်းကာကျောင်းထဲမှထွက်လာခဲ့သည်။ သတိုးရဲ့ကျောင်းအင်္ကျီအဖြူနောက်ကျောမှာတော့ မိသဉ္ဇာရဲ့သွေးများစွန်းပေလို့နေသည်။

"အရမ်းမူးတာပဲ သတိုးရယ်"

"ငါဘာလုပ်ပေးရမလဲ မိသဉ္ဇာပြော၊ ဘာပဲဖြစ်ဖြစ် ငါလုပ်ပေးမယ်"

"ရပါတယ်ဟာ"

မိသဉ္ဇာက သတိုးရဲ့ခါးကို တင်းတင်းဖက်ထားလိုက်သည်။ သတိုးလည်း ဆိုင်ကယ်ကိုမြန်သထက်မြန်အောင် မောင်း၍နေခဲ့သည်။

မိသဉ္ဇာတို့အိမ်ရောက်တော့ မိသဉ္ဇာအစ်ကိုက ...





"ဟာ _ ဘယ်လိုဖြစ်တာလဲ ညီမလေး၊ ဒေါက်တာကျော်ဦးဆီဖုန်းဆက်လိုက်မယ်"

"အင်း"

မိသဉ္ဇာအစ်ကိုက ဖုန်းဆက်နေစဉ် သတိုးက ...

"ငါ နင့်ကိုစိတ်မချဘူး မိသဉ္ဇာရယ်"

"နင်မပြန်နဲ့ဦးလေ"

သတိုးလည်း မိသဉ္ဇာထိုင်နေသည့် ထိုင်ခုံဘေးကခုံမှာထိုင်နေ၏။

"ညီမလေး အခန်းထဲမှာဝင်လှဲနေ၊ ဒေါက်တာကျော်ဦးကချက်ချင်းလာခဲ့မယ်တဲ့"

"ဟုတ်ကဲ့ ... သတိုး နင်ဒီမှာပဲထိုင်ဦးနော် မပြန်နဲ့ဦး"

မိသဉ္ဇာက သူ့အစ်ကိုကြားအောင်ပြော၍ အခန်းထဲသို့ဝင်သွားလေသည်။

မိသဉ္ဇာအစ်ကိုက သတိုးကိုကြည့်၍ ...

"မင်းကိုကျေးဇူးတင်ပါတယ် သတိုး"

"အစ်ကို"

"ဘာပြောမှာလဲ သတိုး"

"မိသဉ္ဇာ ဘာဖြစ်တာလဲ အစ်ကို၊ ကျွန်တော်အရမ်းစိတ်ပူတယ်ဗျာ"

"ဟင်း"

မိသဉ္ဇာအစ်ကိုက သက်ပြင်းကိုချလိုက်သည်။ ပြီးတော့ ...

"ငါအခုချိန်မှာ ဘာမှမပြောနိုင်သေးဘူး၊ ခဏနေရင် ဆရာဝန်လာတော့မယ်"

"ဆရာဝန်က ဆေးရုံတင်နိုင်းမလားမသိဘူးနော်"

"လိုအပ်ရင် တင်နိုင်းမှာပေါ့ ငါက ငါ့ညီမလေးဘာဖြစ်ချင်လဲ အကုန်လုပ်ပေးဖို့ အသင့်ပဲ၊ ငါတို့မှာဒီမောင်နှမနှစ်ယောက်ပဲရှိတာ"

မိသဉ္ဇာအစ်ကိုမျက်နှာကမကောင်း ညှိုးခန်းထဲမှာ ဟိုလျှောက်သည်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်လို့နေသည်။

ခဏကြာတော့ ကားတစ်စီးရပ်သံကြားပြီး လူတစ်ယောက်အိမ်ထဲသို့ ဝင်လာသည်။

"ဒေါက်တာ လာ ... ညီမလေးအခန်းထဲမှာရှိတယ်"

ဒေါက်တာကျော်ဦးက မိသဇ္ဇာအခန်းထဲသို့ မိသဇ္ဇာအစ်ကိုနှင့်အတူဝင် လိုက်သွားသည်။

သတိုးကတော့ ဧည့်ခန်းထဲမှာသာကျန်ခဲ့၏။

အချိန်ဆယ့်ငါးမိနစ်ခန့်ကြာတော့ ဒေါက်တာကျော်ဦးနှင့် မိသဇ္ဇာအစ်ကို တို့ ဧည့်ခန်းထဲပြန်ဝင်လာကြသည်။

"အခြေအနေကတော့ သိပ်မကောင်းတော့ဘူး ကိုကျော်စွာ၊ စောင့် ကြည့်မယ်လေ ညနေမှမထူးရင် ဆေးရုံတင်ရမယ်"

"ဒေါက်တာ ကျွန်တော့်ညီမလေး မျှော်လင့်ချက်ရှိပါသေးတယ်နော်"

"အင်း ... အပြီးပြောဖို့တော့ခက်တယ်"

သတိုးနားထောင်နေရင်း ရင်ထဲထိတ်လို့သွားသည်။ မိသဇ္ဇာရဲ့အစ်ကို ကတော့ အံကိုကြိတ်ထားသည်။

"အစ်ကို မိသဇ္ဇာ အခု ... "

"အိပ်ပျော်နေတယ် သတိုး၊ မင်းပြန်ချင်ပြန်တော့ ညနေမှတစ်ခေါက် ပြန်လာချင်လာ ဆေးရုံတင်ရမယ်ဆိုလည်း ဆေးရုံလိုက်ခဲ့ပေါ့"

သတိုးကမပြန်ချင် သို့သော် ဆက်နေလို့လည်းဖြစ်မှာမဟုတ် မိသဇ္ဇာ ကလည်း အိပ်ပျော်လို့နေပြီလေ ...

"ကျွန်တော်ပြန်ဦးမယ် ညနေမှလာခဲ့တော့မယ်"

"အေး ... အေး"

သတိုးက မိသဇ္ဇာအစ်ကိုကိုနှုတ်ဆက်ကာ အိမ်ထဲမှထွက်လာခဲ့တော့ သည်။

O ✿ O



"နင်ဘာဖြစ်လို့ ငါ့ကိုဒီအကြောင်းတွေကြိုမပြောခဲ့တာလဲ မိသဇ္ဇာရယ်"

ဆေးရုံခုတင်ပေါ်ပက်လက်အနေအထားကနေ မိသဇ္ဇာကခပ်နွမ်းနွမ်း လေး အပြုံးလေးပြုံးပြလိုက်သည်။

လက်ထဲမှာလည်းသွေးသွင်းထားသလို ဆေးသွင်းထားသည့်ပိုက်တို့ လည်းရှိလို့နေ၏။

"နင့်ကို စိတ်မဆင်းရဲစေချင်လို့ပါ၊ ငါနေရမယ့်အချိန်ကသိပ်မရှိတော့ ဘူးလေ၊ ရတဲ့အချိန်လေးမှာ နင်နဲ့အတူတူရှိခွင့်ရတယ်မလား ...

နင်ကျေနပ်လိုက်ပါ၊ ငါလည်းကျေနပ်တယ်"

"မိသဇ္ဇာရယ်"

သတိုးက မိသဇ္ဇာရဲ့လက်ကလေးကို တယုတယနှင့်ဆုပ်ကိုင်လိုက်တော့ မိသဇ္ဇာကျေနပ်စွာပြုံးလိုက်၏။

"သတိုး"

"ဟင်"

"နင် ... ဆရာဝန်တစ်ယောက်ဖြစ်အောင်ကြိုးစားနော်"

"မိသဇ္ဇာရယ် ... ငါဆရာဝန်ဖြစ်တော့ နင့်ကိုကုခွင့်ရပါ့မလား"

သတိုးရဲ့မျက်လုံးထဲမှာ မျက်ရည်တွေဝိုင်းလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတိုး နင်ငါ့ကိုကူခွင့်မရလည်း ငါ့လိုဝေဒနာသည်တွေကို ကူပါ၊ ငါကတော့အရမ်းနောက်ကျသွားပြီ သတိုးရယ်"

မိသဇ္ဇာ မျက်လုံးထဲက မျက်ရည်တို့ စီးကျလို့လာသည်။

"မငိုပါနဲ့ မိသဇ္ဇာရယ် နင်မငိုပါနဲ့"

"ငါ မငိုချင်ပါဘူး သတိုး၊ ငါက နင့်နားမှာအမြဲနေချင်တာပါ"

သတိုးက သူနှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်လို့ထားသည်။

"ရော့ ... သတိုး"

မိသဇ္ဇာက သူ့အင်္ကျီအိတ်ထဲက စာအုပ်သေးသေးလေးကိုထုတ်၍ သတိုးကိုပေးလိုက်သည်။

"ဘာလဲ မိသဇ္ဇာ"

"ငါ့နာမည်နဲ့ ကိုကိုစုပေးထားတဲ့ ဘဏ်စာအုပ်ပါ၊ နင်ဆရာဝန်ဖြစ်လောက်တဲ့ ငွေကြေးဘဏ်မှာရှိပါတယ်၊ လွှဲစာလည်းအထဲမှာငါရေးထားတယ် နင်ယူလိုက်နော်"

"ငါမလိုချင်ပါဘူး မိသဇ္ဇာ"

"ယူပါ သတိုး၊ ငါ့ဆန္ဒကို နင်ဖြစ်အောင်လုပ်ပေးပါ"

သတိုး မိသဇ္ဇာကျေနပ်အောင် စာအုပ်လေးကိုလှမ်းယူလိုက်သည်။

"မိသဇ္ဇာ အိပ်လိုက်ပါလား ညဉ့်ပဲနက်နေပြီ"

"ငါမအိပ်တော့ဘူး သတိုးရယ်၊ ပြန်မနိုးတော့မှာကြောက်တယ် နင် ငါ့ကိုတယောထိုးပြပါလား"

"မိသဇ္ဇာရယ်"

ဆေးရုံခန်းရဲ့ အခန်းထောင့်မှာထောင်ထားသည့် တယောလေးကို သတိုးကသွားယူတော့ မိသဇ္ဇာရဲ့အစ်ကိုက နံရံကိုခေါင်းနဲ့တိုက်ကာ အသံတိတ်မျက်ရည်တွေကျလို့နေသည်။

သူ့ညီမလေးနောက်ဆုံးချိန်မှာ အရာရာကိုအစွမ်းကုန်လိုက်လျော့ဖို့ ဆုံးဖြတ်ထား၏။





သတိုးက ခုတင်ပေါ်ထိုင်တော့ မိသဇ္ဇာက ...

"သတိုး ငါ့ကိုထူပေးပါလား"

"ဆေးတွေသွင်းထားတယ်လေ လှဲပြီးတော့နားထောင်နော်"

"ရပါတယ်ဟာ ... နင့်ပခုံးကိုမှီပြီးနားထောင်မယ်"

"ပြီးရောလေ ... "

သတိုးက မိသဇ္ဇာကိုထူပြီး သူ့ပခုံးပေါ်မှာ မိသဇ္ဇာခေါင်းကိုတင်ထားလိုက်သည်။

"ထိုးတော့လေသတိုး နင့်တယောသံကိုငါအမြဲနားထောင်ချင်နေတာ"

သတိုးက သံစဉ်ကိုငြိမ့်ငြိမ့်လေးထိုးလို့နေသည်။ မိသဇ္ဇာက မျက်လုံးလေးမှေးစဉ်းကာ နားထောင်လို့နေသည်။

သံစဉ်တို့တစ်ပုဒ်ပြီးတစ်ပုဒ်ပြီးဆုံးသွားပြီးနောက် သတိုးက ...

"မိသဇ္ဇာ ... မိသဇ္ဇာ ... ဟဲ့"

မိသဇ္ဇာရဲ့ကိုယ်ကိုလှုပ်၍ ခေါ်ကြည့်လိုက်ရာ မိသဇ္ဇာက သူ့ရင်ခွင်ထဲသို့ ခေါင်းစိုက်၍ကျသွားသည်။

"မိသဇ္ဇာ ... "

သတိုးရဲ့အသံက ဆေးရုံအထူးခန်းထဲမှာ ကျယ်လောင်စွာထွက်ပေါ်လို့သွားတော့သည်။

ဝ ဿ ဝ



www.burmeseclassic.com

www.burmeseclassic.com

"မိသဇ္ဇာကြိုက်တဲ့ ရေမွှေးလေးဝယ်ခဲ့ပေးပါ
သူက ရေမွှေးကြိုက်တယ်"

အခန်း(၁၃)

## ချစ်သူ သူ့အရာဓာ

ငါ ဘာကိုမှမယုံချင်တော့ဘူး မိသဇ္ဇာ ...

ငါရဲ့တယောသံစဉ်တွေနားထောင်ရင်း နင်ကတော့တမလွန်ကိုသွားခဲ့ပြီ ...

နင့်မှာ အလွန်ဆိုးရွားတဲ့ သွေးကင်ဆာရှိတယ်ဆိုတာ နင်ဘာလို့ကျွန်မပြောခဲ့တာလဲ ...

ငါသိပါတယ် မိသဇ္ဇာ ...

နင် လူ့လောကမှာ နေရမယ့်အချိန်တိုတိုအတွင်းမှာ ငါ့ကိုစိတ်မဆင်းရဲစေချင်လို့မလား ... နင်မရှိတော့ ငါဘာဆက်လုပ်ရမှာလဲ ...

နေရာတိုင်းမှာ နင့်ပုံရိပ်တွေပဲမြင်နေတယ် ...

တလောကလုံးမှာ ငါ့အပေါ် နားလည်မှုအရှိဆုံးနင်ဟာ ...

ဘာလို့ငါတစ်ယောက်တည်းထားခဲ့တာလဲ ...

အားလုံးဟာ နင့်ကိုသေသွားကြပြီတဲ့ ...

ငါ့အတွက်တော့ နင်မသေသေးပါဘူး နင်ဟာငါ့အတွက်ထာဝရရှင်သန်နေမှာပါ မိသဇ္ဇာရယ် ...

ရိုရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါခြံထဲမှာသပြေရှုပ်ခွင့်ကိုနင့်အစ်ကိုဆီက ငါတောင်းခဲ့တယ်။

သူကလည်း သူညီမလေးကို သိပ်ချစ်တဲ့ငါ့ကိုနားလည်မှုရှိစွာနဲ့ ခွင့်ပေးခဲ့တယ်လေ ...

ငါ နင့်ကိုသိပ်ချစ်ခဲ့တယ်ဆိုတာ နင်မသိပါဘူး။ ငါနင့်ကိုမပြောခဲ့ဘူးလေ ဒီအတွက် ငါနောင်တတွေရပါတယ် မိသဥ္ဇာ ...

နင်က ငါ့ကိုဖွင့်ပြောစေချင်မှန်း ငါအရင်ကတကယ်မသိခဲ့တာပါ။

နင့်ရဲ့မျှော်လင့်ချက်တွေနဲ့ တမလွန်ကိုတောင် ငါ့ရင်ဖွင့်စကားကိုနင် ယူမသွားနိုင်ခဲ့ပါဘူး။

အခုတော့ ...

ငါငိုနေရပြီ မိသဥ္ဇာ ...

နင့် အုတ်ဂူဘေးမှာ ငါငိုနေရပါပြီ ...

ဒီဂူထဲမှာ နင်ရှိတယ်ဆိုတဲ့ အတွေးကငါ့ရင်ကို အကြိမ်ကြိမ်လှုပ်ခတ်စေတာပါ။

နင် ဘယ်အချိန်ထွက်လာပြီး ငါ့ကိုစကားတွေပြောမလဲ ... ငါ စောင့်နေတယ် မိသဥ္ဇာ ...

နင် ... ကြိုက်တဲ့ တယောသံစဉ်တွေကိုထိုးပြရင်းနဲ့ပေါ့ ...

၀ ဿ ၀

"လူလေး တစ်နေ့တစ်နေ့ ဒီအုတ်ဂူဘေးမှာပဲ ထိုင်နေတာ ဘာအဓိပ္ပါယ်ရှိမှာလဲ လူလေးရယ်၊ သေတဲ့လူလည်း သေသွားပြီပဲ ကိုယ့်စိတ်ကိုယ်ကိုဖြေပါ"

ဘေးနားမှာရပ်ပြောနေသည့် အဘိုးကိုသတိုးခေါင်းမော့ကြည့်ကာ–

"အဘိုး"

"ပြောလေ လူလေး ... လူလေးဘာပြောချင်တာလဲ"

"အဘိုးထိုးတဲ့ ဝိညာဉ်ခေါ်တယောသံစဉ်ကိုထိုးရင် ဝိညာဉ်တွေ တကယ်နိုးထလာမလားဟင်"

"ဟင်း"

အဘိုးဦးဘညိုက သက်ပြင်းချလိုက်သည်။ သတိုးကိုလည်း စိတ်မကောင်းစွာကြည့်၍ ...

"မြေးလည်း ထိုးတတ်နေတာပဲ ဘာလုပ်မလို့လဲကွယ်"

"ကျွန်တော် မိသဥ္ဇာနဲ့စကားတွေပြောချင်တယ် အဘိုးရယ်၊ သူတမလွန်ဘဝကနေ ကျွန်တော့်ကိုကြည့်နေမှာ ကျွန်တော်သိတယ်"

"ခက်တာပဲ လူလေးရယ်"

အဘိုးဦးဘညို ညည်းညူလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ဝူး"

"ကျွီ"

ခြံရှေ့သို့ကားတစ်စီးရပ်သံကို ကြားလိုက်ရ၍ အဘိုးဦးဘညိုကကြည့်လိုက်ရာ ကားပေါ်မှ မိသဥ္စာ၏အစ်ကို ကိုကျော်စွာကနှင်းဆီပန်းတွေ တပွေ့တပိုက်နှင့် မိသဥ္စာအုတ်ဂူနားသို့လျှောက်၍လာသည်။

"မောင်ကျော်စွာလာ ..."

အဘိုး ဦးဘညိုက ခရီးဦးကြိုပြုလိုက်သည်။ ကိုကျော်စွာက နှင်းဆီပန်းတို့ကို အုတ်ဂူပေါ်ညင်သာစွာတင်လိုက်၏။

တစ်ခြံလုံးရှုပ်ပွနေသော်လည်း မိသဥ္စာအုတ်ဂူဘေးမှာ သန့်ရှင်းသပ်ရပ်နေတာကို ကိုကျော်စွာကကြည့်ပြီး ...

"ညီမလေး အုတ်ဂူကိုအခုလိုစောင့်ရှောက်ပေးတဲ့အတွက် အဘိုးနဲ့သတိုးကိုကျေးဇူးတင်ပါတယ်"

"စိတ်ချပါ အစ်ကို၊ မိသဥ္စာကိုနေ့ရောညပါ ကျွန်တော်စောင့်ရှောက်နေပါတယ်"

"ဟင်"

ကိုကျော်စွာက သတိုးကိုမယုံကြည်နိုင်သည့် အကြည့်တွေနှင့်ကြည့်လိုက်၏။

အဘိုးဦးဘညိုက ...

"ဟုတ်တယ် မောင်ကျော်စွာ၊ လူလေးသတိုးအတွက် အဘိုးစိုးရိမ်နေရတယ်"

"ဟာ ... အဘိုးကလည်း မိသဥ္စာနဲ့ကျွန်တော်ကအရမ်းသံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်ရမယ်လေ၊ သူတမလွန်မှာ တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ ကျွန်တော်စောင့်ပေးနေတာ"

အဘဦးဘညိုခေါင်းရမ်း၍ ကိုကျော်စွာအားမျက်ရိပ်ပြကာ ခြံစည်းရိုး





အစပ်နားက ခုံဝိုင်းလေးဆီသို့ခေါ်သွားသည်။

"မောင်ကျော်စွာ ကြားတဲ့အတိုင်းပဲ အဘိုးမြေးရဲ့အခြေအနေက ပိုဆိုးလာမလားမသိဘူး"

"ကျွန်တော် ဘာလုပ်ပေးရမလဲ အဘိုး"

"လောလောဆည်တော့ အဘိုးစောင့်ကြည့်နေပါတယ်၊ လိုအပ်ရင်တော့ ကူညီပါ အဘိုးလည်းဆေးပညာတတ်ပါတယ် ...

ဒါပေမယ့် စိတ်ကဖြစ်တဲ့ဝေဒနာကိုကုနိုင်လောက်တဲ့ ပညာတော့ မတတ်ဘူး"

"အခုဖြစ်တဲ့ အဖြစ်တွေကကံတရားကြောင့် ဖြစ်တာပါအဘိုး၊ ဘယ်သူ့ပယောဂမှမပါပါဘူး၊ ကျွန်တော်လည်း လိုအပ်ရင်သတိုးကိုကူညီမှာပါ ကျွန်တော့်ညီမလေးသံယောဇဉ်တွယ်တဲ့ သတိုးကို ညီမလေးဆန္ဒအတိုင်းကျွန်တော်အကုန်လုပ်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ် မောင်ကျော်စွာရယ် လူလေးသတိုးက သူ့ဘဝတစ်လျှောက်လုံးအဖော်မဲ့လာတာဆိုတော့ မောင်ကျော်စွာညီမလေးကိုအရမ်းသံယောဇဉ်ကြီးသွားတာလေ"

"သူတို့နှစ်ယောက်လုံးက အတူတူပါပဲ"

ထိုစဉ် ...

အဘိုးဦးဘညိုနှင့် ကိုကျော်စွာတို့စကားပြောနေရာနားသို့ သတိုးကလျှောက်လာပြီး အနားရောက်တော့ ...

"အစ်ကို ... မိသဥ္စာရဲ့ဓာတ်ပုံ အိမ်မှာရှိရင်ယူခဲ့ပေးပါလား"

"ဩော် ... အေးရှိတယ် ယူခဲ့မယ်လေ"

"မိသဥ္စာ ရေမွှေးကြိုက်တယ်အစ်ကိုရဲ့ သူသုံးနေကျရေမွှေးပုလင်းဝယ်လာပေးနော်"

"ဟင်"

ကိုကျော်စွာက သတိုးကိုလှမ်းကြည့်လိုက်သည်။ မဖြီးဘဲထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တို့မှာ ရှုပ်ပွလို့နေသည်။ မျက်တွင်းကလည်း ချောင်နေသလို လူကလည်း သီသီသာသာပိန်လို့နေ၏။

“ဝယ်လာပေးပါအစ်ကိုရယ် ကျွန်တော်ဝယ်ပေးဖို့မတတ်နိုင်လို့ပါ”

“ဝယ်ပေးပါ့မယ်ကွာ – မင်းလည်းကျောင်းတက်ဦး စာမေးပွဲဖြေရတော့မယ် မလား”

“ကျွန်တော်မဖြေတော့ဘူး အစ်ကို”

“အဲလိုမလုပ်နဲ့လေ ဖြေရမှာပေါ့ ညီမလေးကမင်းကိုဆရာဝန်ဖြစ်စေချင်တယ်လေ”

“မိသဉ္ဇာကို ကျွန်တော်ကုခွင့်ရမှာမှမဟုတ်တော့တာ ကျွန်တော်ဆရာဝန်မဖြစ်ချင်တော့ပါဘူး”

သတိုးက စကားကိုတစ်လုံးချင်းပြော၍ လေးလံသောခြေလှမ်းဖြင့် မိသဉ္ဇာအုတ်ဂူဆီသို့လှည့်ထွက်သွားတာကိုကြည့်ကာ ကိုကျော်စွာလည်းစိတ်မကောင်းစွာကျန်ခဲ့လေတော့သည်။

O ⁂ O



ချွေးသုံ့တွေ ထွက်ပေါ်လာပြီးနောက်
ဘုတ်ရှုထဲကနေ ထွက်လာသည့် မိသဉ္ဇာက ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

## ဖြန့်ခင်းတဲ့ ညသန်းခေါင်

မဲမှောင်နေသော ညမှာကြယ်ရောင်ကလည်းမရှိ တစ်ခါတစ်ရံတိုက်ခတ်လာသည့် လေနုအေးအေးလေးတွေက အေးမြလို့နေ၏။

အချိန်ကလည်း တဖြည်းဖြည်းညဉ့်နက်လို့လာလေရာ သန်းခေါင်ပင်ရောက်လို့လာသည်။

သတိုးက မိသဉ္ဇာရဲ့အုတ်ဂူဖြူဖြူလေးကိုမှီကာ သူ့အဘိုးဆီကသင်ထားသည့် ဝိညာဉ်နှိုင်တယောသံစဉ်ကို ထိုးလို့နေသည်။

တယောသံစဉ်က အခွဲ့အငင်များသလို တိတ်ဆိတ်သောညမှာ ချောက်ချားစရာကောင်းလွန်းလှ၏။

"အူး ... ဝူး ... "

တောခွေးတစ်အုပ်ရဲ့ သံပြိုင်အူလိုက်သည့်အသံက ကြောက်မက်ဖွယ်ရာထွက်ပေါ်လို့လာသည်။

"အူး ... ဝူး ... "

ခွေးအူသံတွေက တဖြည်းဖြည်းနှင့်သုဿန်ခြံနားသို့နီးသထက်နီးလို့လာသည်။





"ရှပ် ... ရှပ် ... ရှပ်"

ခြံထဲကသစ်ရွက်ခြောက်တို့ကို နင်းလျှောက်လာသည့်ခြေသံက မိသဉ္ဇာအုတ်ဂူနားသို့ ဦးတည်၍လျှောက်လာမှန်းသိ၏။ သတိုးကတော့ အဲဒါတွေကို ဂရုမစိုက် ...

သူ့တယောသံစဉ်တွေထဲမှာပဲ လွင့်မျောလို့နေသည်။

"ရှပ် ... ရှပ် ... ရှပ် ... "

ခြေသံက အုတ်ဂူနားရောက်တော့ရပ်လို့သွားသည်။

"သတိုး ... "

" ... "

တယောထိုးနေသည့် သတိုးက မကြား –

"သတိုး ... "

"ဟင်"

အေးစက်သောလက်က သူ့ပခုံးပေါ်လာ၍ ထိတွေ့တာကြောင့် သတိုးလှည့်ကြည့်လိုက်သည်။

"မိသဉ္ဇာ"

"ခစ် ... ခစ်"

သတိုး သူ့မျက်လုံးကိုသူမယုံနိုင် – သူ့ရဲ့ရှေ့မှာ မိသဉ္ဇာက မတ်တတ်ရပ်လျှက်ရယ်မောနေသည်။

"နင် ... နင်"

"ငါ မိသဉ္ဇာလေသတိုးရဲ့ ဘာလဲ လလည်သွားပြီဆိုတော့ နင်ငါ့ကို မမှတ်မိတော့ဘူးလား"

"ဟို – နင် – အုတ်ဂူထဲကနေ ဘယ်လိုလုပ်ပြီးထွက်လာတာလဲ"

"ခစ် – ခစ် ငါက ဝိညာဉ်ပဲထွက်လို့ရတာပေါ့၊ နင် ငါ့ကိုတယောထိုးပြနေတာမလား၊ နားထောင်လို့ကောင်းတယ် ဆက်ထိုးပြ"

သတိုး မယုံနိုင်လောက်အောင်ကြည်နူးဝမ်းသာလို့သွားသည် မိသဉ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူစကားပြောခွင့်ရခဲ့ပြီ ...

မိသဇ္ဈာက သူ့အုတ်ဂူပေါ်မှာထိုင်လိုက်ပြီး ...

"သတိုး တယောထိုးပြလေ"

"အင်း"

သတိုးက မိသဇ္ဈာဘေးမှာထိုင်၍ တယောကိုထိုးတော့ မိသဇ္ဈာကထုံးစံအတိုင်း သတိုးရဲ့ပခုံးကိုမှီကာ တယောသံစဉ်ကိုနားထောင်လို့နေသည်။

သတိုးရဲ့ဘဝမှာ အခုလိုအချိန်မျိုးကိုမျှော်လင့်ခဲ့ရတာလေ ...

တယောသံစဉ်တို့ကိုတစ်ဆင့်ပြီး တစ်ဆင့်ပြောင်း၍ ပြီးတော့ သတိုးက ရပ်လိုက်သည်။

"အရမ်းနားထောင်လို့ကောင်းတယ်နော် သတိုး"

"နင့်ကို ညတိုင်း နင့်အုတ်ဂူဘေးမှာ ငါတယောထိုးပြတယ်လေ"

"ငါကြားပါတယ် သတိုးရယ် ... ငါထွက်လာလို့မရလို့ပါ"

"မိသဇ္ဈာ ... "

"ဟင်"

သတိုးက မိသဇ္ဈာရဲ့လက်ဖျားလေးတွေကိုကိုင်၍ခေါ်လိုက်သည်။

"နင် လူ့ဘဝကိုပြန်လာလို့မရတော့ဘူးလား ဟင်"

"သတိုးရယ် ... ဟင့် ... ဟင့်"

မိသဇ္ဈာက မျက်လုံးထဲတွင် မျက်ရည်တွေဝိုင်းကာ တဖြည်းဖြည်းနှင့်မျက်ရည်တို့က ပါးပေါ်ကျလာသည်။

"ဘာလို့ ငိုတာလဲ မိသဇ္ဈာ နင်မငိုပါနဲ့"

"ငါ နင့်ကိုလွမ်းလို့ပါ သတိုးရယ်"

မိသဇ္ဈာရဲ့ခေါင်းက သတိုးရဲ့ရင်ခွင်ထဲစိုက်ကျသွားလေရာ သတိုးက အလိုက်သင့်ဖက်ထားလိုက်သည်။

"မိသဇ္ဈာ ညတိုင်းနင်ထွက်လာပါနော်"

"လာချင်ပါတယ် သတိုးရယ် ဒါပေမယ့် ... "





"ဒါပေမယ့် ဘာဖြစ်လဲ မိသဇ္ဈာ ... "

"ငါတို့မှာစည်းတွေအများကြီးရှိပါတယ် နင်နဲ့ငါကဘဝခြားသွားပြီလေ"

"အဲလို မပြောပါနဲ့မိသဇ္ဈာ ဘာဘဝမှမခြားဘူး နင်ဘယ်ဘဝရောက်ရောက် နင့်နားမှာငါရှိတယ်"

မိသဇ္ဈာရဲ့မျက်လုံးတွေက သတိုးရဲ့စကားကြောင့်တောက်ပလို့သွားသည်။

"ငါယုံတယ် သတိုးနင့်ကိုပြောရဦးမယ်"

မိသဇ္ဈာက သတိုးရင်ခွင်ကထွက်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"ပြောလေ မိသဇ္ဈာ"

"နင် ငါ့ကိုပြောထားတာ နင်မေ့နေပြီလား"

"ဘာကိုလဲ"

"နင် ဆရာဝန်ဖြစ်အောင်လုပ်ရမယ်လေ၊ အဲဒီအတွက်နင်စာမေးပွဲဖြေရမယ်"

"မဖြေချင်တော့ပါဘူး မိသဇ္ဈာရယ်"

သတိုးစကားကြောင့် မိသဇ္ဈာရဲ့ မျက်နှာအနည်းငယ်တင်းလို့ သွားသည်။

"နင် ကတိမတည်ဘူး သတိုး၊ ငါပြောသလိုမလုပ်ဘူး"

မိသဇ္ဈာလေသံမာမာနှင့်ပြောတော့ သတိုးမနေတတ်တော့ ...

"အင်း"

"အင်းတွေဘာတွေမလုပ်နဲ့၊ ငါပြောသလိုမလုပ်ရင် နောက်ညတွေငါထွက်မလာတော့ဘူး"

"ဟာ အဲလိုတော့မလုပ်ပါနဲ့"

"မလုပ်နဲ့ဆို ကျောင်းတက်စာမေးပွဲဖြေဟုတ်ပြီလား"

မိသဇ္ဈာလေသံပျော့ပျော့လေးနှင့် ကန့်ကလျပြောတော့ သတိုးခေါင်းညိတ်လိုက်သည်။

"အု ... အူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါ့ကိုခေါ်နေပြီ ... "

ရုတ်တရက်ခွေးအူသံကြား၍ မိသဇ္ဇာမတ်တတ်ထရပ်၍ အသံလာရာကိုကြည့်ကာပြောလိုက်သည်။

"ဘယ်သူလဲ ဘယ်ကခေါ်တာလဲ"

"ငါသွားတော့မယ် သတိုး - ငါမှာတာနင်မမေ့နဲ့နော်ဟုတ်ပြီလား"

ပြော၍ ခွေးအူသံများထွက်ပေါ်လာရာဆီသို့ပြေးထွက်ကာ ပျောက်ကွယ်သွားတော့သည်။

"မိသဇ္ဇာ ... မိသဇ္ဇာ ... "

သတိုးကနောက်မှလိုက်ခေါ်သော်လည်း မိသဇ္ဇာကိုတယ်လိုမှရှာမတွေ့တော့ ...

"လူလေး"

"ဟင်"

သတိုးနောက်ကျောက အဘိုးဦးဘညိုရဲ့အသံကြောင့် သတိုးကလှည့်ကြည့်လိုက်သည်။

"အိမ်ပေါ်တက်ပြီး အိပ်ပါတော့လူလေးရယ်"

"အဘိုး ခုနကမိသဇ္ဇာလာတယ် အဘိုးတွေ့လိုက်လား"

"ဟင့်အင်း ... မတွေ့ပါဘူး လူလေးရယ်"

"တကယ်လာတာ အဘိုးကျွန်တော်နဲ့စကားတွေတောင် အကြာကြီးပြောသွားသေးတယ် ... "

"လူလေး စိတ်ထင်တာနေမှာပါကွယ် လာ - လာ - အိပ်ရအောင် ညဥ့်အတော်နက်နေပြီ"

သတိုးက သူ့အဘိုးခေါ်ရာသို့ မလိုက်ချင်လိုက်ချင်ဖြင့် မိသဇ္ဇာကို အုတ်ဂူကိုကြည့်ကာလိုက်ပါလို့လာသည်။ ဘာပဲဖြစ်ဖြစ်ပေါ့ မိသဇ္ဇာရယ် -

ဘယ်လိုဘဝမျိုးလေးပဲဖြစ်ဖြစ် ဆုံခွင့်ရတာကိုငါကျေနပ်ပါတယ် -

နင်နဲ့အခုလိုဆုံခဲ့တာကို ဘယ်သူမှမယုံကြဘူး ဘာတတ်နိုင်မလဲ-





ငါကတော့ ကျေနပ်တယ် မိသဇ္ဇာ -

နင်ပြောသလို ငါလုပ်ဖို့ဆုံးဖြတ်ထားပါတယ် - ဒါမှ နင်ကျေနပ်မှာလေ ... ပြီးတော့ ... နင့်ကိုလည်းတွေ့ခွင့်ရမှာမလား ...

နင့်ကိုလူတွေက ကြောက်စရာတစ္ဆေမလေးလို့ပြောနေကြပြီ - ပြောကြပါစေဟာ ... ငါကလည်း ဘာလဲ ...

တစ္ဆေမလေးချစ်သူ ... တစ္ဆေမလေးချစ်သူပေါ့ဟာ ...

၀ ⁂ ၀



www.burmeseclassic.com

သရဲတစ္ဆေများကို နှင်သည့်ဆရာကြီးအား
သတိုးက ဘတ်ရူကိုပွေ့ဖက်ပြီး ...

အခန်း(၁၅)

# ထရွှေနှင်းတို့နေ

"ဤခြံ ဤအိမ်အတွင်းမှာရှိသော နာနာဘာဝမကောင်းဆိုးဝါး မိစ္ဆာအပေါင်းတို့ ကျုပ်ဆရာအောင်ဝဏ္ဏရဲ့ ဂါထာမန္တန်မမန်းမှုတ်ခင်လွတ်ရာကျွတ်ရာသို့သွားကြတော့ ..."

သတိုးစာမေးပွဲဖြေပြီးနောက်ဆုံးနေ့ အိမ်သို့ပြန်အလာ ခြံဝအရောက်တွင် ကြားလိုက်ရသည့်အသံကြောင့် ရင်ထဲထိတ်လို့သွားသည်။

ခြံထဲရှိ မိသဉ္ဇာအုတ်ဂူနားတွင် ပင်နီအင်္ကျီဘောင်းဘီနှင့် ခေါင်းပေါင်းပေါင်းထားသည့် အသက်ငါးဆယ်ကျော်ခန့်ရှိသည့် လူကြီးတစ်ဦးက ကန်တော့ပွဲအမွှေးတိုင် ဖယောင်းတိုင်တို့ကိုထွန်းကာ ပါးစပ်ကမန်းမှုတ်နေသည်။

သူ့အနားမှာလည်း ရပ်ကွက်ထဲက လူကြီးတချို့နှင့်အဘိုးဦးဘညိုကို တွေ့လိုက်ရသည်။

"နာနာဘာဝတွေ သွားကြတော့"

"ဟင်"

သတိုးရင်ထဲ ပူလို့လာသည်။ ခြံထဲသို့အပြေးဝင်လာကာ ...

www.burmeseclassic.com



"ဟောလူတွေ ဒါဘာလုပ်တာလဲ"

"ဟာ ‐ ဒီသူငယ် စည်းဖောက်အောင်လုပ်နေတယ်သွားစမ်း"

ဆရာအောင်ဝဏ္ဏက မာန်ပါစွာနှင့်ဟိန်းဟောက်လိုက်သည်။ ရုပ်ကွက်ထဲက လူကြီးတချို့ကလည်း သတိုးလက်ကိုချုပ်ကိုင်လို့ထားသည်။

"ခင်ဗျားတို့အဓိပ္ပါယ်မရှိတာတွေမလုပ်နဲ့ ကျုပ်ခြံထဲမှာနေချင်တဲ့ဟာတွေနေပါစေ"

"ဘာကွ ‐ မင်းနေနိုင်းတိုင်း ငါတို့ကမထားနိုင်ဘူး၊ ရုပ်ကွက်ထဲမှာ အလောင်းတွေဆက်နေပြီ ...

မင်းတို့ခြံရှေ့မှာ ခွေးတစ်ခါအူချင် ရုပ်ကွက်ထဲမှာတစ်ယောက်ပါသွားပြီ"

"ဘာမှမဆိုင်ပါဘူး ကျုပ်ခြံထဲကသရဲတစ္ဆေကိုနှင်စရာမလိုဘူး"

"နှင်ရမယ် ဒါမှရုပ်ကွက်သန့်မှာကွ"

ရုပ်ကွက်လူကြီးတစ်ယောက်နှင့်သတိုး အပြန်အလှန်စကားများကြသည်။ ဆရာအောင်ဝဏ္ဏကတော့ သူ့အလုပ်သူဆက်လုပ်နေသည်။

သတိုးက သူ့ကိုချုပ်ကိုင်ထားသည့် လူတွေရဲ့လက်ထဲကနေလွတ်အောင်ရုန်း၍ မိသဇ္ဇာအုတ်ဂူပေါ် ကိုယ်ကိုအုပ်ကာ ...

"မိသဇ္ဇာ ... နှင်ထွက်မသွားနဲ့နော် ငါနှင့်ကိုဒီမှာနေခွင့်ပေးတယ်သိလား၊ သူတို့နှင်တိုင်းနှင်မသွားပါနဲ့"

သတိုးက အရူးတစ်ယောက်လို ဖြစ်လို့နေ၏။ ဆရာအောင်ဝဏ္ဏက သူ့မန်းထားသည့် ရေနှင့်အုတ်ဂူကိုဖြန်းမည်လုပ်တော့ သတိုးက ‐

"မ ... မလုပ်ပါနဲ့ဗျာ ... ကျွန်တော်တောင်းပန်ပါတယ်"

"မရဘူး သူကပိုဆိုးနေတယ် ရုပ်ကွက်ထဲကနေ တစ်ယောက်ပြီးတစ်ယောက်လိပ်ပြာနှုတ်သွားတာ သူ့ပဲကွ"

"မဟုတ်ပါဘူးဗျာ ‐ မလုပ်စေရပါဘူး"

သတိုးက အတင်းတောင်းပန်သော်လည်း ဆရာအောင်ဝဏ္ဏက မရ





သတိုးကိုလည်း အဘိုးဦးဘညိုက ‐

"လာပါ လူလေးရယ် အိမ်ပေါ်ပဲသွားရအောင်၊ နောက်မှ အဘိုးကြည့်စီစဉ်ပါ့မယ်"

သတိုးလည်း ဘယ်လိုမှမတတ်နိုင်၍ သူ့အဘိုးခေါ်ရာသို့လိုက်ပါသွားတော့သည်။

○ ○



www.burmeseclassic.com

www.burmeseclassic.com

"သတိုး နင့်ကိုငါနှုတ်ဆက်ပါတယ်၊ ငါသွားရတော့မယ်သတိုး ဒီမှာ ငါနေခွင့်မရှိတော့ဘူး"

ငိုသံရောစွက်၍ပြောသည့် မိသဥ္ဇာအသံကြောင့်သတိုး အုတ်ဂူဘေးကို လှည့်ပတ်ကာရှာသည်။ မိသဥ္ဇာကိုတော့လုံးဝမတွေ့ ...

"အု ... အူး ... အူး ... "

ခွေးအူသံတွေကတော့ ဆူညံလို့နေသည်။ မိသဥ္ဇာရဲ့အသံကိုတော့ကြား နေရသည်။ မြင်တော့မမြင်ရ ...

"သတိုး နင်ငါမှာတာတွေမမေ့နဲ့နော် ဆရာဝန်ဖြစ်အောင်လုပ်၊ နင်ဘာ လုပ်မလဲဆိုတာ တမလွန်ကနေ ငါကြည့်နေမယ်"

"မိသဥ္ဇာ နင်ဘယ်မှာလဲ ငါ့ဆီလာဦးလေ"

"နင့်ကို ငါရုပ်ပြလို့မရတော့ဘူး ငါသွားရတော့မယ်"

"မသွားရဘူး နင်ဘယ်မှမသွားရဘူး မသွားပါနဲ့ မိသဥ္ဇာရယ် နင်ပဲ ငါ့အနားမှာအမြဲနေမယ်ဆို"

"ဟင့် ... ဟင့် ... "

သတိုးကအုတ်ဂူဘေးမှာ ဒူးထောက်ကာထိုင်ချလိုက်သည်။ မိသဥ္ဇာရဲ့ ရှိုက်သံကလည်း ထွက်လို့လာသည်။





"မိသဥ္ဇာ ငါ့ဆီလာဦးဟာ"

"လာလို့ မရတော့လို့ပါ သတိုးရယ်၊ နင်ကိုလည်း ငါအမြဲသတိရနေမှာ ပါ"

"နေဦး ... မိသဥ္ဇာ နင့်ကိုငါတယောထိုးပြမယ်"

သတိုးက မိသဥ္ဇာတယောသံနားထောင်ရင်း သူ့ပခုံးလေးမှီကာ နားထောင်တတ်တာကြောင့် အုတ်ဂူပေါ်တင်ထားသည့် တယောကိုယူကာ ထိုး လိုက်သည်။

သံစဉ်တို့က ငြိမ့်ငြိမ့်လေးထွက်လို့လာသည်။ အလွန်ဆွဲငင်အားကောင်း တဲ့ သံစဉ်တို့ဖြစ်ပေမယ့် မိသဥ္ဇာကတော့ သူ့အနားမလာတော့ပါ ...

"ဝေါ ... "

လေပြင်းတစ်ချက်က ပြင်းထန်စွာအဆက်မပြတ်တိုက်ခတ်လာရင်း ကောင်းကင်တွင်မဲမှောင်လို့လာသည်။

အချိန်အခါမဟုတ်တဲ့မိုးက အုံ့မှိုင်းကာတဝေါဝေါရွာချတော့သည်။

သတိုးကတော့ တယောထိုးမပျက် ... မိသဥ္ဇာရောက်လာမလားဆို တဲ့အတွေးက အခါမဲ့မိုးကိုအန်တုပေမယ့် မိုးရေတွေကြားမှာပင် သံစဉ်တွေနှင့် အတူလဲကျလို့သွားတော့သည်။

၀ ။ ၀



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"အင်း ... အင်း ... "

"သတိုး သတိရလာပြီလား"

မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ မျက်နှာကျက်ဖြူဖြူကိုတွေ့ရသည်။ သူ့ဘေးမှာတော့ ဝေလင်းကသူ့ကိုစိုးရိမ်တဲ့ မျက်လုံးနှင့်ကြည့်နေသည်။

"ငါဘယ်ရောက်နေတာလဲ ဝေလင်း"

"ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကိုလေ"

"ဟင် ... စိတ်ကျန်းမာရေးဆေးရုံ ငါဘာဖြစ်လို့လဲ"

သတိုးက ခုတင်ပေါ်၌ထထိုင်ကာမေးလိုက်သည်။ ဝေလင်း ကစိုးရိမ်စွာဖြင့် ...

"စိတ်မြန်လက်မြန် မထနဲ့လေကွာ၊ မင်းကိုနှစ်နဲ့ချီပြီး ကုထားရတာ"

"ဟေ ... နှစ်နဲ့ချီပြီဟုတ်လား"

"ဟုတ်တယ် မင်းရန်ကုန်ရောက်နေတာ တစ်နှစ်ကျော်သွားပြီ"

"ဟင်"

သတိုး သူ့ကိုယ်သူမယုံနိုင်လောက်အောင်ဖြစ်နေသည်။

"မင်း ဘယ်နေရာကနေစမှတ်မိလဲ ပြောစမ်းသတိုး"

"အင်း ... မိုးတွေရွာတဲ့ည ... ငါ မိသဥ္စာအုတ်ဂူဘေးမှာတပေ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ထိုးရင်း ငါလဲကျသွားတယ် ဒါပဲ''

သတိုး စဉ်းစားရင်းပြောလိုက်သည်။ ဝေလင်းက ...

''အဲဒီနောက်ပိုင်း စိတ္တဇဝေဒနာရှင်တစ်ယောက်ဖြစ်နေလို့ မိသဥ္စာ အစ်ကိုက ဒီဆေးရုံမှာကုပေးနေတာ မနေ့ကမင်းကိုကုထုံးအသစ်နဲ့စမ်းသပ်ပေး ရင်း မင်းအခုလိုသတိလည်လာတာ''

''ဟင် ... တစ်နှစ်တောင်''

''ဟုတ်တယ် ... မင်းအထူးကျေးဇူးတင်ရမှာက ကိုကျော်စွာနဲ့ ဝင်းပပကိုပဲ''

''ဝင်းပပ ဟုတ်လား''

သတိုးကရေရွတ်လိုက်သည်။

''မိသဥ္စာဆုံးတော့ မင်းစိတ်တွေဂယောင်ချောက်ချားဖြစ်ပြီး မှုမမှန်တော့ ကိုကျော်စွာက ဝင်းပပကိုအကူအညီတောင်း မင်းစာမေးပွဲဖြေဖြစ်အောင် မိသဥ္စာရဲ့ ဝိညာဉ်ရောင်ဆောင်နိုင်းခဲ့တာ ဆရာအောင်ဝဏ္ဏဆိုတာလည်း သူ့လူ ပါ မင်းစိတ်တွေထဲကနေ မိသဥ္စာအပြီးထွက်သွားအောင်လုပ်တာ မင်းကပိုဆိုး သွားတယ်လေ''

''ငါတွေ့တာ မိသဥ္စာမဟုတ်ဘူးပေါ့''

''မဟုတ်ပါဘူး ဝင်းပပပါ။ မင်းစိတ်ရဲ့အစွဲက မိသဥ္စာပဲဖြစ်နေတာလေ''

''အေးလေ ... ဟုတ်မှာပါ''

သတိုးကတွေးရင်း အဝေးသို့ကြည့်ကာ မျက်လုံးထဲတွင် မျက်ရည်တွေ ဝိုင်းလို့လာသည်။

မျက်ရည် မကျမိအောင် သူကြိုးစားထိန်းလိုက်လေတော့သည်။

၀ ⁂ ၀



BURMESE CLASSIC .com

## ဆယ့်ရှစ်နှစ်ခန့်ကြာသောအခါ ...

''ဒေါက်တာ အခုရောက်လာတဲ့လူနာကအခြေအနေအတော်ဆိုးတယ်''

ဆရာဝန်နားနေခန်းကနေ ဒေါက်တာသတိုးထကာ သူ့ကိုလာခေါ်သည့် သူနာပြုဆရာမလေးနောက်သို့လိုက်လာသည်။ အရေးပေါ်ခန်းထဲကခုတင်ပေါ်မှာ လူနာကောင်မလေးက အသက်ကိုရှူနေရသည်။

ဒေါက်တာသတိုးက လူနာရဲ့ပြင်ပဆေးခန်းမှာပြထားသည့် မှတ်တမ်း ကိုကြည့်၍ မျက်လုံးပြူးသွားသည်။

''နာမည်က မိသဥ္စာ''

''ဟုတ်ပါတယ် ဒေါက်တာ ရေးဘက်ကပါ''

''ဗျာ''

ဒေါက်တာသတိုးမျက်လုံးပြူးသွားသည်။ ရေးဘက်ကမိသဥ္စာဖြစ်တဲ့ရော ဂါကလည်းသွေးကင်ဆာ ...

''ဒေါက်တာ သွေးသွင်းဖို့လုပ်ရမလား''

ဘေးက သူနာပြုဆရာမလေးသတိပေးမှ အတွေးလွန်နေသည့် ဒေါက်တာသတိုး ခေါင်းညိတ်လိုက်သည်။

လူနာနှင့်အတူပါလာသည့် အဒေါ်ကြီးအား ...



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံရောက်တာနောက်ကျတယ်မျာ"

"အဒေါ်တို့လိုတာပါ သမီးကတော့ပြောတယ် ရန်ကုန်မှာသူ့ကိုကုပေးနိုင်တဲ့ဒေါက်တာရှိတယ်တဲ့ အခုတော့ ..."

အဒေါ်ကြီးကမျက်ရည်တွေသုတ်ရင်းပြောသည်။ ဒေါက်တာသတိုးက လူနာကောင်မလေးကို လိုအပ်တဲ့စမ်းသပ်မှုတွေလုပ်ပေးရာ သိပ်မကြာခင်မှာပင် လူနာကောင်မလေးသတိရလာသည်။

ဝေဝါးသည့်မျက်လုံးဖြင့်သူ့ကိုကြည့်ပြီး ...

"သတိုး"

"ဟင်"

ကောင်မလေးရဲ့အသံ ပြီးတော့သူနှင့်အသက်အရွယ်ကွာတာကို ခေါ်လိုက်သည့် နာမည် ...

"နင်ဆရာဝန်ဖြစ်ပြီနော် ... အခုဘဝမှာလည်း ငါ့ရောဂါကိုနင့်ကုနိုင်မှာမဟုတ်တော့ပါဘူး"

"သမီး ... မိသဥ္ဇာ ဒေါက်တာ့ကိုဘာတွေပြောနေတာလဲ"

အဒေါ်ကြီးကဝင်ဟန့်လိုက်ရာ သတိုးကလက်ကာပြ၍ ...

"ပြော ... ဆက်ပြောပါ မိသဥ္ဇာ ... "

"ငါ တမလွန်ကိုသွားရဦးမယ်၊ နင့်ကိုအခုလိုဆရာဝန်ဝတ်စုံနဲ့တွေ့ရတာ စိတ်ချမ်းသာလိုက်တာ ငါမနေရတော့ပါဘူး ငါ့ကိုယ်ငါသိပါတယ်၊ ဖြစ်နိုင်ရင် ငါ့ကိုတယောထိုးပြပါလားဟင်"

သတိုးရဲ့ခေါင်းတစ်ခုလုံး ချာချာလည်သွားသည်။ တိုက်ဆိုင်လှသည့် ကံကြမ္မာဆိုးဝါးလှတဲ့ဘဝတွေအဆုံးမသပ်နိုင်သေး ...

"ရတယ်လေ ငါထိုးပြပ့ါမယ် ... ဆရာမသူ့ကိုအထူးခန်းကိုပို့ဖို့စီစဉ်လိုက်ပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

သတိုးလည်း သူနားနေခန်းဗီရိုထဲမှာထည့်ထားသည့် တယောလေးကို





သွားယူလိုက်သည်။

ထို့နောက် ...

မိသဥ္ဇာရောက်နေသည့် အထူးခန်းသို့လာကာ ခုတင်ပေါ်မှာထိုင်လိုက်သည်။

"ငါ့ကိုထူပါ သတိုး"

"အင်း"

သတိုးက မိသဥ္ဇာကိုပွေ့ထူလိုက်သည်။ မိသဥ္ဇာကသတိုးရဲ့ပခုံးလေးပေါ်မှီတော့ သတိုးကတယောသံစဉ်ကို စတင်၍ထိုးလိုက်သည်။

သံစဉ်တို့က ပျံ့လွင့်လို့နေသည်။ တယောရဲ့အသံက ငြိမ့်ညောင်းစွာထွက်လို့လာရင်း တဖြည်းဖြည်းနှင့် ...

"ဟင်"

မိသဥ္ဇာခန္ဓာကိုယ်က သတိုးရင်ခွင်ထဲစိုက်ကျလို့သွားတော့သည်။

"မိသဥ္ဇာ"

သတိုးခေါ်ကြည့်သော်လည်းမရတော့ ...

ခုတင်ပေါ်မှာ အသာအယာလှဲပေးပြီး စိတ်မကောင်းစွာနှင့်ကြည့်လိုက်သည်။

ပြီးတော့ ...

တယောလေးကိုကိုင်ကာအခန်းထဲမှထွက်လာခဲ့တော့သည်။

O ※ O



www.burmeseclassic.com

www.burmeseclassic.com

ဒီတယောလေးကို အပြီးတိုင်ငါစွန့်လွှတ်လိုက်ပါပြီ မိသဇ္ဈာ။ နင်တွေ့မလား ... တယောလေးက အင်းလျားကန်ထဲမှာ တရွေ့ရွေ့နဲ့မျောနေတယ်လေ – နင့်ဘဝကို ဒီတယောလေးကထွက်တဲ့သံစဉ်နဲ့ပဲ အဆုံးစသတ်ခဲ့ရတော့ ငါမလိုချင်တော့ဘူး ... ငါဆရာဝန်တစ်ယောက်ဖြစ်ခွင့်ရတာတောင် နင့်ကို ပျောက်အောင်မကုပေးနိုင်ခဲ့ဘူး ...

ဘဝတွေဟာ သိပ်ထူးဆန်းတာပဲ မိသဇ္ဈာရယ်၊ နင် လူလောကကို နောက်တစ်ခါထပ်လာတယ်၊ ဒီရောဂါနဲ့ပဲ ပြန်ထွက်သွားတယ် ငါ့ရဲ့တယောသံစဉ်တွေနဲ့ပဲ အဆုံးသတ်ပေးရတယ် ...

တကယ်လို့ပေါ့ဟာ ... ငါအဆုံးသတ်ပေးဖို့ အခွင့်ကြုံရင် သေမင်းဒိုင်ယာရီထဲမှာ ရေးထားတဲ့ နင့်နာမည်ကိုပဲ ပယ်ဖျက်အဆုံးသတ်ပေးချင်တာပါ မိသဇ္ဈာရယ် ... လို့ ...

ပြီးပါပြီ။

ကြိုးစားပါဦးမည်။

**သစ်ငုတ်စိုးတဲ့ မိုးသည**

တယ်လီဖုန်းဖြင့် ဝေဖန်/မိတ်ဆက်

အကြံပြုသူများမျှော်လင့်လျက်

ဖုန်း – (၀၁) ၄၀၁၃၆၄၊ (၀၉) ၇၃၁၁၃၉၀၉

---

ခိုရှင်အောင်စာပေ

www.burmeseclassic.com